


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်
# အလှူရေစက်ချအခမ်းအနား
# အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# ကောင်းတာလုပ် ကောင်းကျိုးပေးတယ်

## သမ္မာဒိဋ္ဌိ (၅) မျိုး

(၂၇၉)

ဟောကြားသည့်နေ့
၂၀-၄-၆၀

0298

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ကောင်းတာလုပ် ကောင်းကျိုးပေးတယ်

(သမ္မာဒိဋ္ဌိ (၅) မျိုး)

THITSARPARAMI LIBRARY
Date ..........................

ဟောကြားသည့်နေ့
(၂၀-၄-၆၀)

(က)

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက်နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့်တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ် တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . . ?

(၁)

**ပြီးတော ဝိဇ္ဇောဒယ ဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျတော့ မဏ္ဍပ်တစ်လုံးပဲ၊ မဏ္ဍပ်လျှံရုံပဲရှိတယ်။ ပြီးတော့ကော ဗျာ. . . ?**

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ဓမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

**တရားနာကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာတတော့ ဝိဇ္ဇောဒယ ဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ ဘုန်းကြီးတို့ တရားပွဲတွေမှာ နာတာပေါ့။**

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူ ပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော် အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအား ထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင် တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင် လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ် က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွား တာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကို ဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟာ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

**ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝ ယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္ထရသ ပါဠိကပိုပြီး အရသာပေါ်တယ်။**

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မင်္ဂဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပမိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမင်္ဂဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မင်္ဂဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြံခြိုးခြံ အကျင့်ရှိသူကိုမှ ရွေးပြီး

ကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။
၅။ ဓမ္မသဒ္ဓဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ်နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက၊ ဘယ်စာမျက်နှာ

မှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟင်္သာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူ သည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြား ထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ်

ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ်" ဟု ဖြေကြားတော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကားမိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄ ဆရာဦးစောလှိုင်

အတွင်းရေးမှူး

## ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီး
## မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်
# ကောင်းတာလုပ် ကောင်းကျိုးပေးတယ်
## (သမ္မာဒိဋ္ဌိ (၅) မျိုး)
ဟောကြားသည့်နေ့ (၂၀-၄-၆၀)

ဒီနေ့အားလုံး ဒကာ ဒကာမတွေ သမ္မာဒိဋ္ဌိငါးမျိုးကို ရှေ့ပိုင်းပြပေးမယ်လို့ မှတ်ထားရမယ်၊ သမ္မာဒိဋ္ဌိ သည်ငါးမျိုးရှိတယ်လို့ မှတ်ထားလိုက်စမ်းပါ၊ သမ္မာဒိဋ္ဌိ ဘယ်နှမျိုးရှိပါလိမ့် . . . (ငါးမျိုးရှိပါတယ်ဘုရား)၊ အဲဒီတော့ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်ရောက်တဲ့သမ္မာဒိဋ္ဌိလည်းရှိတယ်၊ နိဗ္ဗာန်မရောက်တဲ့ သမ္မာဒိဋ္ဌိလည်းရှိတယ်လို့ ခွဲခွဲခြားခြားမှတ်ထားရမယ်. . . (တင်ပါဘုရား)။

နိဗ္ဗာန်ရောက်တဲ့သမ္မာဒိဋ္ဌိ၊ နိဗ္ဗာန်မရောက်တဲ့သမ္မာဒိဋ္ဌိ လို့ အင်္ဂုတ္တို အဋ္ဌကထာ ဆရာက သေသေချာချာဖွင့်ပြီးထားတဲ့ အတွက် ဒကာ ဒကာမတွေ ကောင်းသောနားနဲ့ ကောင်းသော ကြားခြင်း ကြားရလိမ့်မယ်လို့ မှတ်ထားရမယ်နော်. . . (မှန်ပါ ဘုရား)။

## ကောင်းတာလုပ် ကောင်းကျိုးပေးတယ်

သမ္မာဒိဋ္ဌိသည် ဒကာ ဒကာမတွေ လှူဒါန်းပေးကမ်း နေတဲ့ ကံ-ကံ၏အကျိုးယုံကြည်ပါတယ်ဆိုတဲ့ ဉာဏ်ကလေးဟာ လည်း သမ္မာဒိဋ္ဌိပဲ၊ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ်ရင်. . . (မကောင်းကျိုးပေးပါတယ်ဘုရား)၊ အဲဒါဉာဏ်နဲ့သိတာကိုနော်. . . (တင်ပါ့)၊ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေး တယ်လို့ သိတာကလေးက ဘာပါလိမ့်. . . (ဉာဏ်ပါဘုရား)၊ အဲဒီဉာဏ်ဟာ သမ္မာဒိဋ္ဌိပါပဲ၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဒီဉာဏ် ဘာခေါ်ကြမယ်. . . (သမ္မာဒိဋ္ဌိပါဘုရား)၊ သမ္မာဒိဋ္ဌိလို့ ဒကာ ဒကာမတွေက မှတ်ထားလိုက်တော့၊ ဩော် . . . ကမ္မဿကတသမ္မာဒိဋ္ဌိ၊ ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။ ဘာဒိဋ္ဌိပါလိမ့်. . . (ကမ္မဿကတသမ္မာဒိဋ္ဌိပါဘုရား)၊ ကမ္မဿကတသမ္မာဒိဋ္ဌိ၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## ဈာန်ဟာဉာဏ်ဦးစီးတယ်

ဈာန်တရားများအားထုတ်ပြီးနေတာလည်း ဒကာဒကာမတို့ ဉာဏ်စခန်းဖြစ်နေတော့ သူလည်း၊ ဈာန်ဟာလည်းဉာဏ်ဦးစီးပြီးသကာလနေတာပါပဲ၊ သမာဓိလည်းပါတယ်၊ သို့သော် ဉာဏ်ကလည်းပါပြီးသကာလနေတော့ ရှုပဘုံ၊ အရှုပဘုံရောက်ချင်တဲ့သဘောနဲ့ ဈာန်ကိုအားထုတ်တော့လည်း၊ ဉာဏ်မပါတဲ့ ဒွိဟိတ်ပုဂ္ဂိုလ်ရမှ မရနိုင်ဘဲကို. . . (မှန်ပါဘုရား)။

တိဟိတ်ပုဂ္ဂိုလ်မှ ရနိုင်တယ်ဆိုတာ သိထားတော့ အဲဒီဈာနသမ္မာဒိဋ္ဌိဆိုပြီးသကာလ အဲဒီဉာဏ်ကိုတော့ ဈာနသမ္မာဒိဋ္ဌိဆိုပြီးတော့ (၂) နံပါတ်နော်. . . (တင်ပါ)။

ကောင်းပြီ ဒါဖြင့် (၁)နံပါတ်က ဘာပါလိမ့်. . . (ကမ္မဿကတသမ္မာဒိဋ္ဌိပါဘုရား)၊ (၂)နံပါတ်က. . . (ဈာနသမ္မာဒိဋ္ဌိပါဘုရား)၊ ဈာနသမ္မာဒိဋ္ဌိ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ (၂)နံပါတ်က. . . (ဈာနသမ္မာဒိဋ္ဌိပါဘုရား)၊ ဈာန်ရခြင်း၏အကြောင်းသမ္မာဒိဋ္ဌိပေါ့လေနော်. . . (တင်ပါ့)။

(၃)နံပါတ်က ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဒကာ ဒကာမတွေနေ့တိုင်း ဖြစ်ပျက်ရှုနေတာ ဝိပဿနာသမ္မာဒိဋ္ဌိ ရှင်းသွားပလား. . . (ရှင်းပါပြီဘုရား)၊ (၃)နံပါတ်က ဘာပါလိမ့်. . . (ဝိပဿနာ သမ္မာဒိဋ္ဌိပါဘုရား)၊ ဝိပဿနာသမ္မာဒိဋ္ဌိလို့ မှတ်ထားလိုက်စမ်းပါ။

(၄)နံပါတ်က တကယ့်မဂ်စစ်ရတဲ့ မဂ်သမ္မာဒိဋ္ဌိ၊ မဂ်ဉာဏ်သမ္မာဒိဋ္ဌိနော်. . . (တင်ပါ့)။

(၅)နံပါတ်က ဖိုလ်ဉာဏ်ရလို့ ဖိုလ်သမ္မာဒိဋ္ဌိဆိုပြီး သကာလ သမ္မာဒိဋ္ဌိက ဘယ်နှမျိုးရှိရပါလိမ့်. . . (ငါးမျိုးရှိပါတယ်ဘုရား)၊ ဒါသိသင့်သိထိုက် သိကောင်းတယ်လို့ ဒကာ ဒကာမတွေ မှတ်ထားရမယ်. . . (မှန်ပါ)။

ရမ်းပြီးသကာလ သူများပြောသံကြားနဲ့ ဘာလုပ်ရင် ဘာဖြစ်တယ်ဆိုတာမျိုးဟာတော့ အားလုံး ဒကာ ဒကာမတို့ ဒီဥစ္စာသူများပါးစပ်လမ်းဆုံးတဲ့ အလုပ်ဟာတော့ မကောင်းသေးပါဘူးနော်. . . (မှန်ပါဘုရား)။

သူများပါးစပ်လမ်းဆုံးတဲ့ အလုပ်တွေ ကျောက်တွင်းသမားတွေကို မွဲဖူးလှပါပြီ၊ သူများက ဒီနေရာ ကျောက်ကြီးကျောက်ကောင်း မယူနိုင်လို့ ပစ်ထားတယ်ဆိုပြီး ပြောကြဆိုကြတာနဲ့ သွားတွင်းချ၊ တော်ကြာ မွဲပြန်လာတာပဲ. . . (မှန်ပါ)၊ **သဘောကျပလား. . . (ကျပါပြီဘုရား)။**

ဤကဲ့သို့ သူများပါးစပ်လမ်းဆုံးတဲ့အချက်အလက်တွေလည်းရှိနေတော့ အခုဟာက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကေကနိပါတ်မှာ သမ္မာဒိဋ္ဌိအကြောင်းကို သူသေသေချာချာဟောလို့ ဘုန်းကြီးများက ရှင်းလင်းပြတာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါဘုရား)။

၁။ (၁)နံပါတ်ကဘာတဲ့. . . (ကမ္မသကတ သမ္မာဒိဋ္ဌိပါဘုရား)၊

၂။ (၂)နံပါတ်က. . . (ဈာနသမ္မာဒိဋ္ဌိပါဘုရား)၊

၃။ (၃)နံပါတ်က. . . (ဝိပဿနာသမ္မာ ဒိဋ္ဌိပါဘုရား)၊

၄။ (၄)နံပါတ်က. . . (မဂ်သမ္မာဒိဋ္ဌိပါဘုရား)၊

၅။ (၅)နံပါတ်က. . . (ဖိုလ်သမ္မာဒိဋ္ဌိပါဘုရား)။

ဩော်. . . သမ္မာဒိဋ္ဌိက မောင်နိုင်ရေ ငါးမျိုးတောင် ရှိတယ် ဒကာ ဒကာမတို့ သမ္မာဒိဋ္ဌိ ဉာဏ်အလုပ်ဟာ ဘယ်နှမျိုး ရှိပါလိမ့်. . . (၅-မျိုးရှိပါတယ်ဘုရား)။

ဉာဏ်အလုပ်ဟာ ငါးမျိုးရှိတယ်လို့ဆိုတော့ ဒကာ ဒကာမတွေ သိထားပြီ။ ထိုကဲ့သို့ သိထားတဲ့အခါကျတော့ ကိုယ်လုပ်တဲ့ဝိပဿနာသမ္မာဒိဋ္ဌိဟာ ဘယ်လိုများ အကျိုးပေး မှာပါလိမ့်မလဲဆိုတဲ့ တွေးလုံးဟာလည်း လာရတော့မယ်. . . (တင်ပါဘုရား)၊ သို့သော် အသာလေးထားလိုက်ပါဦး၊ သူ့ရှေ့ပိုင်း က လာတာအရင်ပဲပြပါဦးမယ်။

## (၁) ကမ္မသကတသမ္မာဒိဋ္ဌိ

ဟော့ဒီ. . . ကမ္မသကတသမ္မာဒိဋ္ဌိဆိုတာ ပေးမှုကမ်းမှု ရှိခဲ့သည်ရှိသော် ကောင်းကျိုးပေးတယ်လို့ ဒီဉာဏ်တော့မရှိပေ ဘူးလား. . . (ရှိပါတယ်ဘုရား)၊ ကောင်းကျိုးပေးတယ်လို့ သိတဲ့

ဉာဏ်မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)၊ အဲဒါကတော့ ဒကာ ဒကာမတို့ သမ္ပတ္တိအာဂစ္ဆတိ လူစည်းစိမ်၊ နတ်စည်းစိမ်ကို ပဲရမယ်၊ သဘောကျပြီလား၊ ကမ္မဿကတသမ္မာဒိဋ္ဌိ သက်သက်နဲ့ လုပ်လို့ရှိရင် ဘာရပါမတုံး. . . (လူ့စည်းစိမ်၊ နတ်စည်းစိမ်ရမှာပါ ဘုရား)၊ သဘောပါပြီလား. . . (ပါ, ပါတယ်ဘုရား)။

ဩော်. . . ကမ္မဿကတသမ္မာဒိဋ္ဌိ၏ စွမ်းရည်သတ္တိ ဟာ ဒါပါပဲလားလို့ မှတ်ထားလိုက်တာပေါ့. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ကောင်းတာလုပ် ကောင်းကျိုး ပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်လို့ဆိုတဲ့ ဉာဏ်သည် ကမ္မဿကတဉာဏ်ပါပဲ၊ ၎င်းဉာဏ်သည်ကားလို့ ဆိုလို့ရင် ဒကာ ဒကာမတို့ ဘယ်တင်အကျိုးပေးသတုံးဆိုတော့ စဉ်းစားမိကြရောပေါ့ဗျာ. . . (တင်ပါ)။

## ဒိဉာဏ်လောက်နဲ့မနေကြပါနဲ့

သမ္ပတ္တိဘဝတွေအကျိုးပေးတယ်၊ သမ္ပတ္တိဘဝဆိုတာ စာလိုသုံးနေတော့ ဒကာ ဒကာမတွေ မသိဘဲနေမယ်၊ လူ့ပြည် နတ်ပြည် အကျိုးပေးတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်း ပါပြီ)၊ ဘယ်အကျိုးပေးပါလိမ့်. . . (လူ့ပြည် နတ်ပြည် အကျိုး ပေးပါတယ်ဘုရား)၊ ကမ္မဿကတဉာဏ်လေ၊ အားလုံး ဒကာ

ဒကာမတွေ ကမ္မဿကတဉာဏ်၏စွမ်းရည်သတ္တိ သိကြပလား . . . (သိပါတယ်ဘုရား)၊ ဘယ်အကျိုးပေးတုံး. . . (လူ့ပြည် နတ်ပြည်အကျိုးပေးပါတယ်ဘုရား)၊ ဒါကြောင့် ဒီဉာဏ်ကလေး လောက်နဲ့မနေကြပါနဲ့ဆိုတာ ပြောရတယ်နော်. . . (တင်ပါ)၊ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်ဘုရား)။

## ဗြဟ္မာပြည်တောင်သူမလိုက်နိုင်ဘူး

လူ့ပြည် နတ်ပြည် အကျိုးပေးတယ်ဆိုတော့ ဗြဟ္မာပြည် တောင် သူမလိုက်နိုင်ဘူး. . . (မှန်ပါဘုရား)၊ ဘယ့်နဲ့ကြောင့် မလိုက်နိုင်သတုံး၊ အို. . . ဗြဟ္မာပြည်ရောက်စေတဲ့ဉာဏ် သူ့အထဲမပါဘူး. . . (မှန်ပါ)၊ ပါရဲ့လား. . . (မပါပါဘူးဘုရား)၊ ဉာဏ်နဲ့သမ္မာဒိဋ္ဌိအတူတူလို့ ဒကာ ဒကာမတွေက မှတ်ထား လိုက်တာပေါ့. . . (မှန်ပါ)။

ကဲ. . . ကမ္မဿကတသမ္မာဒိဋ္ဌိက သမ္ပတ္တိဘဝတွေ အကျိုးပေးတယ်ဆိုတော့ လူ့ပြည် နတ်ပြည် အကျိုးပေးတယ် ဆိုတော့၊ လူ့ပြည်မှာ လူ့ခန္ဓာဖြစ်၍၊ နတ်ပြည် နတ်ခန္ဓာဖြစ် ခဲ့သော် ဒကာ ဒကာမတို့ သစ္စာဉာဏ်ကလေးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့၊ အင်း. . . လူစည်းစိမ်၊ နတ်စည်းစိမ်၊ လူခန္ဓာ၊ နတ်ခန္ဓာ ဘာသစ္စာဖွဲ့ကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခ သစ္စာပဲ။

ဒါကြောင့်၊ ဩော်. . . ကမ္မဿကတဉာဏ်လောက်နဲ့ မောင်နိုင်တို့၊ ကိုမြင့်တို့၊ ကိုစံလှတို့ တင်းတိမ်ပြီးမနေလိုက်ပါနဲ့ . . . (မှန်ပါ)။

## စိတ်မချရတဲ့နယ်တွေ

တင်းတိမ်နေလို့ရှိရင်ဖြင့်တဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ လူပြည် နတ်ပြည်တော့မရောက်ဘူးလို့ ဘုရားက မဟောဘူး၊ ရောက်ပါတယ်ကွာတဲ့၊ ရောက်ပင်ရောက်ငြားသော် လည်း စိတ်မချရတဲ့တိုင်းပြည်၊ စိတ်မချရတဲ့ နယ်တွေဖြစ်ပြီး သကာလနေတဲ့အတွက်၊ ဘာကြောင့် စိတ်မချရသတုံးမေးတဲ့ အခါ သူ့အကျိုးပေးတာက သေသေချာချာသစ္စာဉာဏ်နဲ့ ကြည့်လိုက်တော့ ဒုက္ခသစ္စာအကျိုးပေးတာ. . . (မှန်ပါ)။

## ဉာဏ်နဲ့ကြည့်တော့ ဒုက္ခသစ္စာရနေတယ်

တဏှာနဲ့ကြည့်လိုက်တဲ့အခါကျလို့ရှိရင် လူ့စည်းစိမ်၊ နတ်စည်းစိမ် ရတယ်လို့ဆိုကြမယ်. . . (တင်ပါ)၊ ဉာဏ်နဲ့ ကြည့်လိုက်တော့ ဒုက္ခသစ္စာရနေတယ်လို့ ဆုံးဖြတ်ချက် ချလိုက်တာပေါ့ဗျာ. . . (မှန်ပါ)။

အဲဒါကြောင့် ဒါနပေးလှူတာ ကမ္မဿကတဉာဏ်၊ တပည့်တော်သည် ဤကဲ့သို့ ဆွမ်းတို့၊ ကွမ်းတို့၊ ကျောင်းတို့၊

ကန်တို့၊ ဘုရားတို့ လုပ်ရတဲ့အတွက် ဒုက္ခသစ္စာမှ လွတ်ရပါလို၏၊ ဘုရားလို့ လုပ်ပြန်တော့လည်းတဲ့ သစ္စာဦးစီးလိုက်တဲ့အတွက် လူစည်းစိမ်၊ နတ်စည်းစိမ်မရပြန်ဘူး. . . (မှန်ပါ)၊ နိဗ္ဗာန်ရသွားပြန်တယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပြင်ပေးမည့်ဆရာရှိရင်

သူ့ကို ပြင်ပေးမည့်ဆရာရှိပြန်တော့လည်း နိဗ္ဗာန်ရောက်တယ်. . . (မှန်ပါ)၊ ပြင်ပေးမဲ့ဆရာမရှိဘဲနဲ့ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်လို့ ဒီဉာဏ်ကလေးမျှနဲ့ အကျိုးပေးရင် လူ့ပြည် နတ်ပြည်မှတပါး ဘယ်မှ မသွားတော့ဘူး၊ ဘာသစ္စာတွေရနေကြသတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကမ္မဿကတသတ္တိဟာ အင်မတန်မှ ဒကာ ဒကာမတို့ ကြောက်စရာကောင်းတယ်၊ ဒါကြောင့် ဆရာသမားအကူအညီကင်းမဲ့ခဲ့သော် လုပ်ချင်တာလုပ်ပြီးသကာလ ရောက်ချင်တာရောက်ပြီးသကာလ နေကြမယ်ဆိုတာလည်း အရှင်းသားပဲ . . . (မှန်ပါ)၊ မရှင်းဘူးလား. . . (ရှင်းပါတယ်ဘုရား)။

## (၂) ဈာနသမ္မာဒိဋ္ဌိ

ကဲ. . . ဒုတိယသမ္မာဒိဋ္ဌိက ဘာတဲ့. . . (ဈာနသမ္မာဒိဋ္ဌိပါဘုရား)၊ ဩော်. . . ဈာန်တရားတွေများအားထုတ်လိုက်တဲ့အခါကျတော့ တိဟိတ်ပဋိသန္ဓေ ဘယ်ဆိုတော့ ဉာဏ်မပါဘူးလား. . . (ပါပါတယ်ဘုရား)။

**အင်း. . . သူကတော့ ဒကာ ဒကာမတို့ သူ့သတ္တိ** ပြောရမယ်ဆိုရင် အဌကထာဆရာက ရူပ၊ အရူပဘုံပဲ အကျိုးပေးတာပါပဲ၊ မောင်နိုင် ဘယ်အကျိုးပေးတုံး. . . (ရူပ၊ အရူပအကျိုးပေးပါတယ်ဘုရား)၊ ရူပ၊ အရူပဘုံပဲအကျိုးပေးတော့ ရူပဗြဟ္မာကြီးဖြစ်လိုက်၊ အရူပဗြဟ္မာကြီးဖြစ်လိုက်၊ သက်ဆိုးရှည်ဖြစ်နေတာ. . . (မှန်ပါ)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## ဈာန်လမ်းဟာလည်း ဒုက္ခသစ္စာလမ်း

ဒုက္ခသစ္စာပဲတဲ့ ဒါဖြင့် ဩော်. . . ဒကာ ဒကာမတို့ ဈာနသမ္မာဒိဋ္ဌိဈာန်လမ်းဟာလည်း ဒုက္ခသစ္စာလမ်းပါလား . . . (မှန်ပါ)၊ ကံလမ်းဟာလည်း. . . (ဒုက္ခသစ္စာလမ်းပါဘုရား)၊ ဒါကြပ်ကြပ်ရှင်းပါ ဒကာ ဒကာမတို့၊ ဒကာ ဒကာမတို့ အပေါ်မှာ ဒီဆရာသမားဆိုတာကတော့ဖြင့် မရှင်း ရှင်းအောင် ရှင်းပေးရမည့်ဝတ္တရားဟာကတော့ရှိတယ်၊ မရှင်း ရှင်းအောင်

တော့ဖြင့် ရှင်းရမှာပဲ မောင်နိုင်ရ. . . (မှန်ပါ)။

## (၃) ဝိပဿနာသမ္မာဒိဋ္ဌိ

ကိုင်း. . . ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာဆိုတာက အဖြစ်အပျက်ကလေးတွေ မြင်တယ်ဆိုတာ ဉာဏ်နဲ့မှ မြင်နိုင်တယ်. . . (မှန်ပါ)၊ အဖြစ်အပျက်တွေ မြင်တယ်ဆိုတာ ဘာနဲ့မှ မြင်နိုင်. . . (ဉာဏ်နဲ့မှမြင်နိုင်ပါတယ်ဘုရား)၊ အင်း. . . ဒါဖြင့် ဒီဉာဏ်ဟာ သမ္မာဒိဋ္ဌိပေါ့. . . (မှန်ပါ)၊ သမ္မာကမှန်ကန်တာ၊ ဒိဋ္ဌိကမြင်တာ၊ အမှန်အကန်မြင်တဲ့ ဉာဏ်ပဲ၊ ခန္ဓာကိုယ်ထဲမှာ အနိစ္စရှိလို့ အနိစ္စသိတာပဲ၊ ဒုက္ခရှိလို့ ဒုက္ခသိတာပဲ၊ အနတ္တရှိလို့ အနတ္တသိတာပဲ၊ ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာသိတာပဲ။

သူကတော့ ဘယ်အကျိုးပေးမလဲ၊ ဒီဉာဏ်ကတော့ ဘယ်အကျိုးပေးမလဲလို့ မေးဖို့ရာအကြောင်းပေါ်လာတယ်၊ ဟိုဟာတွေပြောပြီးတော့ သူ့မပြောလို့ တော်ပါ့မလား. . . (မတော်ပါဘူးဘုရား)၊ သူကတော့ဖြစ် တိုတိုဖြေရလို့ရှိရင် နောက်ဘဝ ဘာပဋိသန္ဓေမှ မလာဘူး၊ ပဋိသန္ဓေကို ဘာမှမလာဘူး၊ ဒါဖြင့် ဝဋ်ပြတ်သွားတယ်. . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ ပဋိသန္ဓေကို. . . (မလာတော့ဘူးဘုရား)။

ဒါဖြင့် ဇာတိဒုက္ခကို လာသေးရဲ့လား. . . (မလာတော့ပါဘူးဘုရား)၊ ဇာတိဒုက္ခမှ မလာလို့ရှိရင် ဇရာ ဗျာဓိ မရဏ သောကပရိဒေဝဒုက္ခဒေါမနဿတွေကော ကျုပ်တို့ရှောင်ပြီးသား၊ ရှားပြီးသားဖြစ်သွားတယ်ဆိုတာကော အရှင်းသားပဲ. . . (ရှင်းပါတယ်)၊ ကိုစံလှရေ သိပ်အားကျစရာကောင်းပါတယ်. . . (မှန်ပါ)၊ ဒကာ ဒကာမတို့ ဝိပဿနာသမ္မာဒိဋ္ဌိအကြောင်းသိပလား. . . (သိပါပြီဘုရား)။

## နောက်ဘဝမရှိအောင်အလုပ်ခိုင်းတာ

ဝိပဿနာလုပ်နေတာ ဆရာဘုန်းကြီးက လုပ်ကြစမ်းပါ၊ လုပ်ကြစမ်းပါ အမိအဖအရွယ်တွေလည်း အမိအဖအလိုက်၊ ညီအစ်ကိုမောင်နှမအရွယ်တွေလည်း ညီအစ်ကိုမောင်နှမအလိုက် လုပ်ပါ၊ လုပ်ပါ၊ ဒီဟာပဲဆိုပြီးသကာလ အမြဲတမ်းတိုက်တွန်းတာ၊ ခင်ဗျားတို့ နောက်ဘဝမရှိအောင်လို့ အလုပ်ခိုင်းနေတာ. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)၊ ဦးခန့်ဘာတဲ့တုံးဗျ. . . (နောက်ဘဝမရှိအောင် အလုပ်ခိုင်းတာ)၊ နောက်ဘဝမရှိအောင်လို့ အလုပ်ခိုင်းနေတာသေချာပလား. . . (သေချာပါတယ်ဘုရား)။

ဒါဖြင့်တဲ့ ဒါအင်္ဂုတ္တိုရ်အဋ္ဌကထာမှာ သေသေချာချာဖွင့်ပြီးပြောဆိုသောကြောင့်လည်း ဒီဥစ္စာပြောတာပါပဲ၊

ကိုင်း. . . ဒါဖြင့် ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်များမှာ နောက်ဒုက္ခ ဆိုတာ ပြတ်နေတာ. . . (ပြတ်ပါတယ်ဘုရား)။

## ဝိပဿနာသမ္မာဒိဋ္ဌိကဒုက္ခပြတ်တယ်

ကမ္မဿကတကဒုက္ခရတယ်၊ အဲ. . . ဈာနသမ္မာဒိဋ္ဌိက လည်း. . . (ဒုက္ခရပါတယ်ဘုရား)၊ အင်း. . . ဝိပဿနာသမ္မာ ဒိဋ္ဌိကတော့. . . (ဒုက္ခပြတ်ပါတယ်ဘုရား)၊ ဒုက္ခပြတ်တယ်လို့ ဆိုတာသဘောကျပလား. . . (ကျပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒုက္ခပြတ်တဲ့အလုပ်ဟာဖြင့် တို့တွေ့ပြီ ဟော့၊ တို့တွေ့ပြီဟာဆိုတာဖြင့် ဘာမှ မငြင်းဆန်ကြနဲ့တော့ ဒီအလုပ်ဟာ ကိုးစားလောက်၊ အားထားလောက်တဲ့အလုပ် အစစ်အမှန်ပဲဆိုတာ ဆုံးဖြတ်ချက်ချလိုက်ဟာပေါ့၊ ဒကာ ဒကာမတို့ တစ်ဘဝတစ်နပ်စာနဲ့ ပြီးပြီသကာလ မနေကြပါနဲ့ ဒီအလုပ်ဟာ ဘုန်းကြီးများလည်း သာသနာတွင်းမို့သာ ဟောနိုင်ပါတယ်၊ ဒကာ ဒကာမတွေလည်း သာသနာတွင်းနားနဲ့ ထောင်လို့သာ ထောင်နိုင်ပါတယ်. . . (မှန်ပါ)၊ ဒါတောင် လူတိုင်းဖြစ်ပျက်တွေ့တယ်လို့ ဆိုလို့မရသေးဘူး. . . (မှန်ပါ)။

ကိုင်း. . . ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိကတော့ ပဋိသန္ဓေ မဖြစ်စေဘူး၊ နောက်ဘဝဘယ်နဲ့တုံး. . . (မဖြစ်ပါဘူးဘုရား)၊ နောက်ဘဝပဋိသန္ဓေဘယ်နဲ့နေတုံး. . . (မဖြစ်ပါဘူး)၊ မဖြစ်ဘူး

ဆိုတော့ ဩော်. . . အတော်ကျေးဇူးများပါလား၊ ပဋိသန္ဓေဟာ ဇာတိပိဒုက္ခသစ္စာ၊ ဇရာပိဒုက္ခသစ္စာ၊ မရဏံပိဒုက္ခသစ္စာဆိုတာ ဒုက္ခကျွတ်တဲ့ အလုပ်ရှာလိုက်သည်ရှိသော်၊ ဩော်. . . ဒီအလုပ်ပါလား ဆိုတာ ပေါ်လာတယ်၊ မပေါ်လာဘူးလား . . . (ပေါ်ပါတယ် ဘုရား)။

အေး. . . ဒါတွေဟာ သိထားတော့မှ ဘယ်အလုပ်မဆို ဉာဏ်ကူလိုက်ရင် ကျေးဇူးများသွားတယ်. . . (မှန်ပါ)။

## (၄) မဂ်သမ္မာဒိဋ္ဌိ

မဂ္ဂသမ္မာဒိဋ္ဌိကတော့ ဘာလုပ်ပါလိမ့်မတုံးဆိုတော့ အိုမဂ်ရတယ်ဆို မနေ့ကပြောပြီးပေါ့၊ မဂ်ဝင်လိုက်တယ်ဆိုလို့ ရှိရင်ဖြင့် ကိလေသာဝဋ်နဲ့ ကမ္မဝဋ်မပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား)၊ ဩော်. . . မဂ်သမ္မာဒိဋ္ဌိက ဝဋ်ပြတ်တယ် ဒကာ ဒကာမတို့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ မဂ်သမ္မာဒိဋ္ဌိက . . . (ဝဋ်ပြတ်ပါတယ်ဘုရား)၊ ဝဋ်ပြတ်တယ်ဆိုတာ သဘော ကျပလား. . . (ကျပါတယ်ဘုရား)။

## (၅) ဖိုလ်သမ္မာဒိဋ္ဌိ

ကိုင်း. . . ဒါဖြင့် ဖိုလ်သမ္မာဒိဋ္ဌိကတော့ ဘာလုပ်သတုံး ဆိုရင်ဖြင့် အတူတူပါပဲ ဒကာ ဒကာမတို့ ဘဝတွေကို မဖြစ်

စေပါဘူး. . . (မှန်ပါ)၊ ဖိုလ်သမ္မာဒိဋ္ဌိကလည်း. . . (ဘာတွေကို မဖြစ်ပါဘူးဘုရား)၊ ဘဝတွေမဖြစ်စေဘူးဆိုတော့ ဒီ (၃)ခုက တော်တော်အားရှိတဲ့ အဓိပ္ပါယ်ပေါ်လာတယ်. . . (မှန်ပါ)၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

အင်း. . . ဝိပဿနာသမ္မာဒိဋ္ဌိက ပဋိသန္ဓေကို သူမဖြစ်စေဘူး၊ သူကဝဋ်ဖြတ်တယ်၊ သူကဘဝဖြတ်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဒကာ ဒကာမတို့၊ ဩော်. . . ဒီဥစ္စာသည် ကားလို့ဆိုရင်ဖြင့်တဲ့ သာမညနားနဲ့ထောင်မယ် ဆိုလို့ရှိရင် ဒီဥစ္စာတယ်လေးနက်တဲ့အဓိပ္ပါယ်ရှိတယ်လို့ ယူစရာမရှိဘူးပေါ့လေ. . . (မှန်ပါ)၊ တကယ့်ထိုးထိုးထွင်းထွင်းနဲ့ ယူကြတော့မယ်ဆိုလို့ရှိရင်ဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိကလည်း ပဋိသန္ဓေမလာ သူက ဝဋ်ကိုဖြတ်တယ်၊ ဘဝကိုဖြတ်ဆိုကတည်းက ဝဋ်ဖြတ်တာလည်း ဉာဏ်ပဲ၊ ဘဝဖြတ်တာလည်း. . . (ဉာဏ်ပါဘုရား)၊ ပဋိသန္ဓေမလာအောင်တားမြစ်နိုင်တာလည်း. . . (ဉာဏ်ပါဘုရား)။

## ကိုးစားအားထားထိုက်ပါတယ်

ဉာဏ်ပဲဆိုတော့၊ ဩော်. . . သူတို့သုံးခုဟာ ကိုးစားလောက်တယ်၊ မောင်နိုင် ဘယ်နဲ့ဆိုပါ့မတုံး. . . (ကိုးစားလောက်ပါတယ်ဘုရား)၊ ကိုးစားလောက် အားထားလောက်တယ်ဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီလိုဝေဖန်ကြစို့၊ ကျုပ်တို့သည် လူ့ပြည် နတ်ပြည် အကြိမ်ကြိမ်ခံစားဖူးပြီ၊ လူပြည် နတ်ပြည်မှာ. . (အကြိမ်ကြိမ် ခံစားဖူးပါပြီဘုရား)၊ ဩော်. . . ဒါဖြင့် ကမ္မ သဿကတ သမ္မာဒိဋ္ဌိ ကအများကြီးလုပ်ဖူးတယ်၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

လူပြည် နတ်ပြည် အကြိမ်ကြိမ်ခံစားဖူးတယ်ဆိုတာ ထောက်လိုက်သဖြင့် ကမ္မဿကတသမ္မာဒိဋ္ဌိဖြင့် ကျုပ်တို့ မိုးမွှန်နေအောင်လုပ်ခဲ့ပြီ. . . (မှန်ပါ)၊ ဆိုထိုက်ပလား. . . (ဆိုထိုက်ပါပြီဘုရား)၊ ဈာနသမ္မာဒိဋ္ဌိလည်း မိုးမွှန်နေအောင်လုပ်ခဲ့ပါပြီ . . . (မှန်ပါ)။

## ကမ္ဘာပျက်တိုင်း ဗြဟ္မာပြည်ရောက်တယ်

ဘယ်နဲ့ကြောင့် လုပ်ခဲ့ပါလိမ့်မတုံး၊ ကမ္ဘာပျက်တိုင်း၊ ကမ္ဘာပျက်တိုင်း ကျုပ်တို့ ကမ္ဘာမီးလောင်မှာစိုးတာနဲ့ တစ်ယောက် တစ်ယောက်မေတ္တာထား၊ မေတ္တာဈာန်တွေ မလုပ်ကြဘူးလား. . . (လုပ်ပါတယ်ဘုရား)၊ ကရုဏာဈာန်တွေကော . . . (လုပ်ပါတယ်ဘုရား)၊ အေး. . . အဲဒီဈာန်တွေလုပ်လို့ ကမ္ဘာပျက်တဲ့အခါမှာ ကျုပ်တို့သည်ကားဆိုရင် ဗြဟ္မာပြည်ချည်း ရောက်နေတာ ဈာနသမ္မာဒိဋ္ဌိကြောင့် ရောက်တာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အောက်ပြဟ္ဘာပြည်တွေမှာဖြင့် နှံ့နေအောင်ရောက်ခဲ့ပါပြီ. . . (မှန်ပါ)၊ အင်း. . . ဘယ်သူ့သတ္တိပါလိမ့်မတုံးမေးရင်ကော. . . (ဈာနသမ္မာဒိဋ္ဌိပါဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

အခုဘယ်ရောက်နေကြသတုံး ဒကာ ဒကာမတွေ အခုဘယ်ရောက်နေကြပါလိမ့်မတုံးလို့ မေးခဲ့သော်၊ လူ့ပြည်ရောက်နေတယ်ဘုရား. . . (မှန်ပါ)၊ အခု ဒကာ ဒကာမတွေ ဘယ်ရောက်နေတုံး. . . (လူ့ပြည်ရောက်နေပါတယ်ဘုရား)၊ အင်း. . . လူ့ပြည်ရောက်ရင် ဒီဒိဋ္ဌိပဲ၊ ဒါပဲရှိသေးတယ်၊ လူ့ပြည်ရောက်နေတော့ ဘာဒိဋ္ဌိဖြစ်နေပါလိမ့် . . . (ကမ္မဿကတသမ္မာဒိဋ္ဌိပါဘုရား)၊ ကမ္မဿကတသမ္မာဒိဋ္ဌိ . . . (မှန်ပါ)။

အင်း. . . လူ့ပြည်ပဲရောက်ပြီးသကာလနေတာထောက်လို့ရှိရင် ကမ္မဿကတသမ္မာဒိဋ္ဌိတည်းဟူသော အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ သေချာတယ်. . . (သေချာပါတယ်ဘုရား)၊ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ဒီသုံးခုဖြင့် မလုပ်ဖူးသေးဘူး

ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့သည် ဒီသမ္မာဒိဋ္ဌိလည်း အတော်ကိုပဲ ကျင်လည်ခဲ့ပြီ၊ လုပ်ခဲ့လှပါပြီ . . . (မှန်ပါ)၊

ဒီသမ္မာဒိဋ္ဌိလည်း ကမ္မာပျက်တိုင်း ပျက်တိုင်း လုပ်ခဲ့ပါပြီ၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)၊ ဒီသုံးခုဖြင့် မလုပ်ဖူးသေးဘူး၊ ဘယ်လိုဆိုကြမတုံး. . . (သုံးခုက မလုပ်ဖူးသေးပါဘူး)။

ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိ ဘယ်နဲ့တုံး. . . (မလုပ်ဖူးသေးပါဘူး)၊ မလုပ်ဖူးသေးတာ ထောက်လိုက်တော့ အခုခန္ဓာရှိနေတာက သက်သေခံတယ် . . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ကံလမ်းချာန်လမ်းဟာ သာသနာပတရား

ဦးဘလေးပေါ်ပလား. . . (ပေါ်ပါပြီဘုရား)၊ အခုခန္ဓာ ဖြစ်နေတာက ဘယ်ဒိဋ္ဌိကြောင့်ဖြစ်နေတယ်ဆိုတာလည်း ရိပ်မိကြရဲ့လား. . . (ကမ္မဿကတသမ္မာဒိဋ္ဌိကြောင့်ပါဘုရား)၊ ကမ္မဿကတဒိဋ္ဌိကြောင့်ဖြစ်နေတယ်ဆိုတာလည်း ကိုပေါ်တို့ သေချာပလား. . . (သေချာပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒါတွေဟာ သာသနာပတရားဆိုတာ ဘုန်းကြီးကပြောဖို့ မလိုတော့ဘူး. . . (မှန်ပါ)၊ ကျေနပ်ကြပလား. . . (ကျေနပ်ပါတယ်ဘုရား)၊ အင်း. . . ကံလမ်းချာန်လမ်းဟာဖြင့် ဘာတဲ့. . . (သာသနာပတရားပါဘုရား)။

မောင်ရှိုင် ဘယ်နဲ့ဆိုပ့ါမတုံး. . . (သာသနာပတရားပါဘုရား)၊ ဒီဘက်က ကံလမ်း၊ ဒီဘက်က. . . (ချာန်လမ်းပါ

ဘုရား)၊ နာမည်ပြောင်းလိုက်ရင် အတူတူပါပဲ မောင်နိုင်ရေ . . . (မှန်ပါ)၊ စျာနသမ္မာဒိဋ္ဌိကို စျာန်လမ်းခေါ်လိုက်တယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သာသနာတွင်း ဘျပ်တို့ မကြုံခဲ့ဘူးဆိုတာ ရှင်းသွားပြီ. . . (ရှင်းပါတယ်ဘုရား)၊ ကြုံပြန်တော့လည်း ဘာတွေများလုပ်နေသတုံးလို့ အမေးထုတ်ပြန်တော့ ဒီနှစ်ခုလှည့်နေတာ. . . (မှန်ပါ)၊ ကိုစံလှ ဒီနှစ်ခုလှည့်နေတာ. . . (မှန်ပါ)။

## မဂ်ရရင်ဖိုလ်ရတာပဲ

ကြည့်လေ သူအကျိုးပေးက ဝိပဿနာသမ္မာဒိဋ္ဌိလုပ်ဖူးလို့ရှိရင် ပဋိသန္ဓေမလာတော့ဘူးဆိုတော့ နိဗ္ဗာန်ရောက်ပြီပြောတာပဲ၊ မဂ်သမ္မာဒိဋ္ဌိလုပ်ဖူးလို့ရှိရင်လည်း ဝဋ်ပြတ်တယ်ဆိုကတည်းက ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်တယ် ပြောတာပဲ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ မဂ်ရရင်လည်း ဖိုလ်ရတာပါပဲ ဒါကတော့ ရှင်းအောင်လို့သာ ပြောရခြင်းဖြစ်ပါတယ်။

ဖိုလ်သမ္မာဒိဋ္ဌိရတဲ့ပုဂ္ဂိုလ်လည်း ဘဝတားမြစ်ပါတယ်၊ ဘဝမလာတော့ပါဘူးလို့မဆိုလား. . . (ဆိုပါတယ်ဘုရား)၊ အဲဒါတွေထောက်ကြည့်တော့မှ ကျုပ်တို့သည်ကားဆိုရင် ဒီနှစ်ခုလှည့်နေတာ သေချာတယ်. . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် သာသနာတွင်းက (၃)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ သာသနာပက (၂-ပါဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ သမ္မာဒိဋ္ဌိ (၅)မျိုးရှိတဲ့အနက် သာသနာတွင်းက (၃-ပါဘုရား)၊ သာသနာပက (၂-ပါဘုရား)၊ ဒါမလုပ်ဖူးတာတွေလား လုပ်ဖူးတာတွေလား အမေးထုတ်. . . (လုပ်ဖူးပါတယ်ဘုရား)၊ အဲ. . . (၂)ဟာဖြင့် မောင်နိုင်ရေ အခုခန္ဓာကြီးက သက်သေခံပါတယ်၊ ကမ္ဘာပျက်ပြီး ကျုပ်တို့ လူ့ပြည်ပြန်ဆင်းတာကလည်း သက်သေခံပါတယ်. . . (မှန်ပါ)။

## စျာနသမ္မာဒိဋ္ဌိကလုပ်ပြီးသား

ကမ္ဘာပျက်ပြီးသကာလ ဗြဟ္မာပြည်က ဆင်းခဲ့ရတယ်ဆိုတာလည်း လူတိုင်းသိပါတယ်. . . (မှန်ပါ)၊ အဲတော့ ဗြဟ္မာပြည်ရောက်ခဲ့လို့ ဗြဟ္မာပြည်က ဆင်းနိုင်တာပေါ့၊ အဲတော့ စျာနသမ္မာဒိဋ္ဌိကလည်း လုပ်ပြီးသား. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ဒါဖြင့် လုံးလုံးမလုပ်ဖူးတာသည် ဘာပါလိမ့် ဒကာ ဒကာမတို့ (၃၊ ၄၊ ၅). . . (မှန်ပါ)၊ (၁) နဲ့ (၂) လုပ်ဖူးတယ်၊ (၃၊ ၄၊ ၅)က. . . (မလုပ်ဖူးပါဘူးဘုရား)၊ အဲ. . . မလုပ်ဖူးကြောင်းကိုလည်း ခန္ဓာရှိတာက သက်သေခံတယ်. . . (မှန်ပါ)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ဘယ်သူက သက်သေခံ. . . (ခန္ဓာက သက်သေခံပါတယ်ဘုရား)၊ ခန္ဓာရှိတာက သက်သေခံတယ်၊ ခန္ဓာရှိရင် ကမ္မဿကတာသမ္မာဒိဋ္ဌိ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဗြဟ္မာပြည်ကဆင်းပြီး ကျုပ်တို့ လူ့ပြည်ရောက်ခဲ့ရတော့ ဈာနသမ္မာဒိဋ္ဌိက ကျုပ်တို့မှီပေါက်အောင်လုပ်ခဲ့ပြီ၊ ကမ္ဘာပျက် ဘယ်လောက်တွေ့ခဲ့တယ်လို့ဆိုစရာမရှိပါဘူး၊ အများကြီးတွေ့ခဲ့လိမ့်မယ်ဆိုတာ သေချာတယ်. . . (သေချာပါတယ်ဘုရား)၊ သဘောကောင်းပါပလား. . . (ပါပါပြီဘုရား)၊

အဲဒါဖြင့် ဒကာ ဒကာမတို့ အင်း. . . ဝဋ်ပြတ်တဲ့အလုပ်မလုပ်ဖူးသေးပါဘူးဆိုတဲ့ အဓိပ္ပါယ်ဖြင့် ရှင်းသွားပြီ. . . (ရှင်းပါတယ်ဘုရား)၊ အင်း. . . ဘာမလုပ်ဖူးပါလိမ့်. . . (ဝဋ်ပြတ်တဲ့အလုပ်မလုပ်ဖူးသေးပါဘုရား)၊ ဒါဖြင့် ကျုပ်တို့နောက်က ဘယ်လိုနေတယ် ဘယ်လိုထိုင်တယ်ဆိုတာ ပြောစရာမလိုဘူး သမ္မာဒိဋ္ဌိငါးမျိုးနဲ့ ဝေဖန်တော့ ဝဋ်ထဲမှာနေခဲ့တယ်ပေါ့ . . . (မှန်ပါ)၊ ဒါပဲပြောရုံပဲရှိတယ်၊ ဘယ်မှာနေခဲ့တုံး. . . (ဝဋ်ထဲမှာနေခဲ့ပါတယ်ဘုရား)၊ ဝဋ်ထဲမှာနေခဲ့တယ်ပေါ့။

## ဝိပဿနာမလုပ်ဖူးရင်မဂ်သမ္မာဒိဋ္ဌိမလာ

ဗြဟ္မာပြည်ဝဋ်ထဲမှာနေခဲ့တယ်၊ လူ့ပြည်ဝဋ်ထဲမှာနေခဲ့တယ်၊ အင်း. . . (၃၁)ဘုံဝဋ်ထဲမှာ. . . (နေခဲ့ပါတယ်ဘုရား)၊

ဘယ်နဲ့ကြောင့်နေခဲ့ရပါလို့မ်မတုံးလို့ အမေးကို အကြီးအကျယ် ထုတ်သည်ရှိသော် ဝိပဿနာသမ္မာဒိဋ္ဌိမလုပ်ဖူးဘူး၊ ဝိပဿနာ သမ္မာဒိဋ္ဌိမှ မလုပ်ဖူးရင် မဂ်သမ္မာဒိဋ္ဌိဘယ်တော့မှ မလာဘူး၊ ဖိုလ်သမ္မာဒိဋ္ဌိကော. . . (မလာပါဘူးဘုရား)။

ဘယ်တော့မှ မလာဘူးဆိုတာ ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့ ဒီဟာ၊ ဩော်. . . အခု အတွေ့ထူးဖြင့်နေပါပေါ့လား၊ ဝိပဿနာသမ္မာဒိဋ္ဌိကို တကယ်တမ်းကြိုးစားလိုက်မှပဲ၊ ဝင်္ဋကျွတ် တော့မယ်ဆိုတာဖြင့် သမ္မာဒိဋ္ဌိငါးမျိုးဝေဖန်ပြလိုက်သဖြင့် ဦးခန့် သိပ်ရှင်းသွားပြီ. . . (ရှင်းပါပြီဘုရား)၊ မရှင်းသေးဘူးလား. . . (ရှင်းပါပြီဘုရား)။

## ကမ္မဿကတသမ္မာဒိဋ္ဌိလည်းလုပ်ပါ

ရှင်းပြီ၊ ရှင်းပြီ ဒကာ ဒကာမတို့ ဒါ ဩော်. . . အရေးကြီးတဲ့အချက်တွေ ဆရာဘုန်းကြီးက တို့ကို ဆွဲဆောင် ခေါ်ငင်နေပါပေါ့လားဆိုတာ သဘောကျပလား. . . (ကျပါပြီ ဘုရား)၊ မလုပ်နဲ့လို့ ကမ္မဿကတသမ္မာဒိဋ္ဌိမဆိုဘူး၊ ဟောဒီ ဒုက္ခဝင်္ဋကျွတ်ချင်ရင် ကမ္မဿကတဒိဋ္ဌိလည်းလုပ်၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

လုပ်ပါတဲ့၊ လုပ်တော့ ဒီထဲဝင်လာလိမ့်မယ်. . . (မှန်ပါ)၊ သစ္စာမြင်လာရင် ဒီဝင်လာတယ်. . . (မှန်ပါ)၊ တတိယ

ထဲဝင်လာတယ်လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)၊ ကောင်းကောင်း ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒါက အင်္ဂုတ္တိုရ်ကလာတာ၊ အင်္ဂုတ္တိုရ်ပါဠိတော်ကနေပြီး ဖွင့်တဲ့အဋ္ဌကထာဖြစ်နေလို့ ဒကာ ဒကာမတို့ သမ္မာဒိဋ္ဌိ ဘယ်နှမျိုးရှိပါလိမ့်. . . (ငါးမျိုးပါဘုရား)၊ (၁)နဲ့ (၂)ကဖြင့် ဘုံဘဝအကျိုးပေးတာပဲ. . . (မှန်ပါ)၊ မလုပ်တတ်ရင် မလုပ်တတ်ရင်၊ (၃၊ ၄၊ ၅) တို့ကဖြင့် ဝဋ်ဖြတ်တာပဲ၊ (၁)နဲ့ (၂)ကဖြင့်. . . (ဘုံဘဝအကျိုးပေးပါတယ်ဘုရား)၊ ဘုံဘဝအကျိုးပေးတယ်၊ (၃၊ ၄၊ ၅)တို့ကဖြင့်. . . (ဝဋ်ပြတ်ပါတယ်ဘုရား)။

## တကယ်တမ်းအိုနာသေကြောက်ရင်

ဝဋ်ပြတ်တယ်ဆိုတော့ ကိုယ်မလုပ်ဖူးတာကို ဒကာ ဒကာမတွေ ရက်ရက်စက်စက်လုပ်ဖို့ အတော်ကောင်းတယ် . . . (ကောင်းပါတယ်ဘုရား)၊ ဘာကြောင့်တုံး ဝဋ်ကြောက်တဲ့ ပုဂ္ဂိုလ်ဖြင့် လုပ်ဖို့ပဲ. . . (မှန်ပါ)၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာ ဝိပါကဝဋ်တွေမဟုတ်လား. . . (မှန်ပါ)။

အဲဒီ ဝိပါကဝဋ်တွေကို တကယ်တမ်း ပဋိသန္ဓေကြောက်လို့ တကယ်တမ်းအိုမှာကြောက်၊ တကယ်တမ်းနာမှာ လန့်ကြလို့

ရှိရင်ဖြင့်၊ ဒီ (၃)နံပါတ်ကိုဖြင့် အမြဲတမ်းကိုင်ရတော့မယ်. . . (မှန်ပါ)၊ မကိုင်ရပေဘူးလား. . . (ကိုင်ရပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## အလုပ်မလုပ်ရင်တော်ပါ့မလား

ကောင်းပြီ၊ ဒါဖြင့် သမ္မာဒိဋ္ဌိဘယ်နှစ်မျိုးရှိတုံး. . . (ငါးမျိုးရှိပါတယ်ဘုရား)၊ ငါးမျိုးရှိတယ်၊ တစ်သံသရာလုံး ဘယ်နှစ်မျိုးနဲ့ နေခဲ့ပါလိမ့်. . . (နှစ်မျိုးနဲ့နေခဲ့ပါတယ်ဘုရား)၊ နှစ်မျိုးနဲ့သာနေခဲ့တယ်၊ ကျန်တဲ့သုံးမျိုးတော့ဖြင့် နည်းနည်းမှ သိခဲ့သမ်းခဲ့ပုံမရပါဘူး၊ ယခုအစပဲဆိုတဲ့အမိပ္ပါယ် ရှင်းသွားပြီ . . . (ရှင်းပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါတယ် ဘုရား)၊ ဒါဖြင့် အလုပ်လုပ်ကြရမှာပေါ့. . . (မှန်ပါ)၊ မလုပ်ရင် တော်ပါ့မလား. . . (မတော်ပါဘူးဘုရား)။

မလုပ်လို့ရှိရင်ဖြင့် သူတို့နှစ်ခုက ဒီမှာ ဇာတိ ပဋိသန္ဓေ လာတယ်၊ သူတို့ (၃)ခုက ဇာတိပဋိသန္ဓေမလာဘူး. . . (မှန်ပါ)၊ မရှင်းသေးဘူးလား. . . (ရှင်းပါတယ်ဘုရား)၊ ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဇာတိဒုက္ခသစ္စာ၊ ဇရာဒုက္ခသစ္စာ၊ ဗျာတိဒုက္ခ သစ္စာဆိုတော့ သူတို့က ဒုက္ခသစ္စာဖြတ်တယ်. . . (မှန်ပါ)၊ သူတို့က ဒုက္ခသစ္စာဆိုတော့ သူတို့က ဒုက္ခသစ္စာဖြတ်တယ်. . . (မှန်ပါ)၊ သူတို့က ဒုက္ခသစ္စာကို အကျိုးပေးတယ်. . . (မှန်ပါ)၊ ကောင်းကောင်းရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒါဘုန်းကြီးက ဟောတယ်လို့ မယူဘဲနဲ့ အင်္ဂုတ္တိုလ်ပါဠိတော်မှာလာတဲ့အတိုင်း မှတ်ထားလိုက်တာပေါ့. . . (မှန်ပါ)။

## အနာထပိဏ်သူဌေးကြီး

အဲဒါကို ဒီနေ့အနာထပိဏ်သူဌေးကြီးက ထောက်ခံချက်ပေးပါလိမ့်ဦးမယ်၊ အနာထပိဏ်သူဌေးကြီးက ထောက်ခံချက်ပေးပါလိမ့်ဦးမယ် ဒကာ ဒကာမတို့၊ ကိုင်း. . . ဒါဖြင့် ဒီငါးမျိုးကို မမေ့ကြပါနဲ့ဆိုတာ တောင်းပန်တယ်နော်. . . (မှန်ပါ)။

## လှူတတ်ရင် ဝိပဿနာသမ္မာဒိဋ္ဌိ

ကမ္မဿကတသမ္မာဒိဋ္ဌိလုပ်မယ်ကြံလို့ရှိရင်၊ လှူမယ် တန်းမယ်၊ ပေးမယ်၊ ကမ်းမယ်ကြံလို့ရှိရင် ဟောဒီ ဒုက္ခဖြင့် ဒီပဋိသန္ဓေအကျိုးတော့ ပဋိသန္ဓေဆိုတာဖြင့် မဖြစ်ပါစေနဲ့ ကြောက်လွန်လို့၊ လှူတော့လှူ. . . (မှန်ပါ)၊ ဟောဒီဒုက္ခသစ္စာ တော့ မရပါရစေနဲ့. . . (မှန်ပါ)။

ဆိုတော့ သုံးနံပါတ်ထဲဝင်လာတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ လုပ်တတ်ရင် ဘယ်ထဲ ဝင်လာတုံး. . . (သုံးနံပါတ်ထဲ ဝင်လာပါတယ်ဘုရား)၊

ဝိပဿနာသမ္မာဒိဋ္ဌိထဲ ဝင်လာတယ်၊ ဓမ္မာနုပဿနာသမ္မာဒိဋ္ဌိထဲ ဝင်လာတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါနတော့လုပ်ကြ၊ သီလလည်းဆောက်တည်ကြ၊ ဆောက်တည်ပြီးသည့်အခြားမဲ့၌ ဆောက်တည်ရင်းမတ်တတ်နဲ့ ဝဋ်ကျွတ်ချင်လို့ဆောက်တည်ကြ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ်လိုလုပ်ကြရမယ်. . . (ဝဋ်ကျွတ်ချင်လို့ ဆောက်တည်ကြရမှာပါဘုရား)။

## ဒုက္ခသစ္စာမြင်ပြီးလုပ်

အေး. . . နောက်အကျိုးပေးကြီး ပဋိသန္ဓေအကျိုးပေးမှာ ကြောက်လွန်းလို့ ဒီဝဋ်ကျွတ်ချင်လို့ လုပ်ပါတယ်ဆိုတော့၊ ကမ္မဿကတသမ္မာဒိဋ္ဌိမဟုတ်တော့ဘူး. . . (မှန်ပါ)၊ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်သွားတယ်. . . (မှန်ပါ)၊ ဒုက္ခသစ္စာမြင်ပြီးလုပ်လိုက်တာကိုး. . . (မှန်ပါ)၊ ဘယ်ဒိဋ္ဌိထဲဝင်သွားပါလိမ့် . . . (ဝိပဿနာသမ္မာဒိဋ္ဌိထဲဝင်သွားပါတယ်ဘုရား)။

အေး. . . ဒါကြောင့် တောင်ရမ်း မြောက်ရမ်းပြီးသကာလ လုပ်နေကြမယ်ဆိုလို့ရှိရင်ဖြင့် ကြောက်စရာကြီးပါလား. . . (မှန်ပါ)၊ ပေါ်ကြပြီနော်. . . (ပေါ်ပါပြီဘုရား)၊ ကိုင်း. . . ဒါဖြင့် သမ္မာဒိဋ္ဌိငါးမျိုး၊ ရှင်းလင်းပြီးလို့ဒကာမတို့ အနာထပိဏ်သူဌေးကြီး စကြစို့တော့နော်။

## အနာထပိဏ်သူဌေးကြီးထောက်ခံတယ်

အနာထပိဏ်သူဌေးကြီးက ထောက်ခံချက်ပေးမယ့်သူကို၊ ကျန်တဲ့သုံးခုကို မောင်နိုင်ထောက်ခံချက်ပေးလိမ့်မယ် . . . (မှန်ပါ)၊ ကျန်တဲ့ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိကို သူထောက်ခံချက်ပေးမယ်. . . (မှန်ပါ)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ မနေ့ကပြောထားတဲ့အတိုင်းပဲ အနာထပိဏ်သူဌေးကြီးကို ရှင်းသာရိပုတ္တရာက ဒကာကြီး ဘယ်ဟာမှ ဥပါဒါန်နဲ့ မစွဲပါနဲ့လို့ပြောတယ် မဟုတ်လား. . . (မှန်ပါ)၊ အဲ. . . သူလည်း မစွဲဘဲနဲ့ပဲ သောတာပန်အဖြစ်နဲ့ ပဲ ရှင်သာရိပုတ္တရာနဲ့ ရှင်အာနန္ဒာလည်း ဇေတဝန်ကျောင်းပြန် ကြရော၊ သူလည်းလမ်းမှာ ဟိုကိုယ်တော်တွေမှ ကျောင်း မရောက်သေးဘူး သူစုတေစိတ်ကျတယ်၊ စုတေစိတ်ကျပါတယ်၊ သေပါတယ်၊ အနာထပိဏ်သူဌေးကြီးသေတယ်လို့ ဦးခန့်မှတ် လိုက်တာပေါ့. . . (မှန်ပါ)။

## တုသိတာနတ်ပြည်မှာနတ်ဖြစ်တယ်

အဲဒီ အနာထပိဏ်သူဌေးကြီးသေပြီး ဘယ်များသွားဖြစ်ပါလိမ့်မတုံးဆိုတော့ တုသိတာပြည်သွားဖြစ်တယ်၊ သူ့ခန္ဓာကိုယ်ဟာ သုံးဂါဝုတ်ရှိတယ်ဆိုတော့ ဒကာ ဒကာမတို့ အင်မတန်ကြီးကျယ်တာပေါ့နော်. . . (မှန်ပါ)၊ (၁၃)မိုင်၏

လေးပိုင်းသုံးပိုင်းရှိတယ်လို့ မှတ်လိုက်တာပေါ့နော်. . . (မှန်ပါ)၊ လေးပိုင်းသုံးပိုင်းရှိတဲ့ ခန္ဓာကြီး ရွှေတုံးကြီးအရောင်ထွက်နေတာ၊ ပုဂ္ဂိုလ်ကြီးပေါ့ဗျာ၊ ဘယ်နဲ့ကြောင့် သွားဖြစ်ပါလိမ့်မတုံး၊ ဒီသောတာပန်ပုဂ္ဂိုလ်ကြီး ဒီတုသိတာပြည်သွားပြီး စွဲလည်းမစွဲဘဲနဲ့ အို. . . သူက နဂိုက ဒီလိုရှိတယ်လို့ ကိုပေါ်တို့က မှတ်ရမယ်၊ "ငါသာ သောတာပန်တည်လို့ရှိရင်ကွာ ဖြုန်းခနဲ နိဗ္ဗာန်မယူဘူး သောတာပန်အဖြစ်နဲ့ ငါခုနှစ်ဘဝလောက်တော့ ပျော်လိုက်ဦးမယ်၊ ပါးလိုက်ဦးမယ်"ဆိုတဲ့ သဘောလေးက နဂိုဆုတောင်းက ဆူးနေတယ်. . . (မှန်ပါ)။

## အထက်မဂ်မတက်နိုင်တာဘာ့ကြောင့်တုံး

ဝိသာခတို့ သူတို့က. . . (မှန်ပါ)၊ အဲဒါကြောင့် ဒကာဒကာမတို့ သေခါနီး နိဗ္ဗာန်မရဘူး. . . (မှန်ပါ)၊ သေခါနီးမှာ အထက်မဂ်တွေ မတက်နိုင်ဘူး၊ သေခါနီးအထက်မဂ် မတက်နိုင်တာ ဘာကြောင့်ပါလိမ့်မတုံးဆိုတော့ ဝဋ္ဋဘိထက ပုဂ္ဂိုလ်ဝဋ္ဋ၌မွေ့လျော်ပြီးသကာလ နဂိုကဆုတောင်းမှားကြီး လုပ်ထားတဲ့အတွက် သောတာပန်တည်တဲ့အလုပ်တော့ လုပ်ပါ့မယ်၊ လုပ်ပင်လုပ်ငြားသော်လည်း သောတာပန်အဖြစ်နဲ့ ခုနှစ်ဘဝပျော်ပရစေဦး၊ ဒါပါနေတယ်. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊

## ဝဋ်ကိုတောင့်တတဲ့သဘောပါနေလို့

အဲတော့ ဝဋ်ကိုလည်း တောင့်တတဲ့သဘောမပါဘူးလား. . . (ပါပါတယ်ဘုရား)၊ အဲဒါကြောင့် တုသိတာပြည်မှာ နတ်သားသွားပြီးသကာလဖြစ်ရတယ်. . . (မှန်ပါ)၊ ဦးခန့် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နို့မဟုတ်ရင် သေခါနီး ရှင်သာရိပုတ္တရာဟောတာနဲ့ ရှင်ဆန္ဒလို ဒကာ ဒကာမတို့ ရဟန္တာဖြစ်ထိုက်တယ်. . . (မှန်ပါ)၊ ဘာဖြစ်လို့ မဖြစ်ပါလိမ့်မတုံးဆိုတော့ ဝဋ်ထဲမှာ ပျော်ချင်သေးတဲ့သဘောကို သူ့မှာကျန်နေလို့ ဒကာ ဒကာမတို့ အထက်မဂ် အထက်ဖိုလ်တွေကို တားမြစ်တဲ့ တဏှာပါနေတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သူ့ဒိဋ္ဌိဝိစိကိစ္ဆာသာပြုတ်သေးတာ ကျန်တဲ့တဏှာတွေက အများကြီးကျန်သေးတာပဲ. . . (မှန်ပါ)၊ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ တစ်ချို့ ဒကာ ဒကာမတွေကျတော့ ဒီလောက်ဖြစ်ရရင်ကျေနပ်ပါပြီလို့ လာချင်လာတယ်. . . (မှန်ပါ)၊ ဒီလောက်ဖြစ်ရရင်ပဲ ကျုပ်တို့ကျေနပ်ပါပြီ၊ ဝိသာခါ၊ အနာထပိဏ်လောက်ဆိုရင်ပဲ အကျေနပ်ကြီးကျေနပ်ပါပြီလို့ လာချင်လည်းလာမယ်ပေါ့ဗျာ. . . (မှန်ပါ)။

## ဝိသာခါစိတ်

သူလာချင်တာလည်းခုနက အနာထပိဏ်စိတ်၊ ဝိသာခါစိတ်တို့လို ရှိနေလို့ ဆုံးဖြတ်ချက်ချလိုက်တာပေါ့. . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါနဲ့သူသည် တုသိတာပြည်ရောက်တော့ တစ်ခါတည်း ရွှေတုံးရွှေခဲဖြစ်တဲ့ ခန္ဓာကြီးဖြစ်ပြီး ဥယျာဉ်ပန်းမန်ပဒေသာပင်တွေ ကြည့်လိုက်တဲ့အခါ၊ ဩော်. . . အင်မတန်မှ ခမ်းနားတဲ့ နေရာပါလား၊ ပျော်စရာ၊ ပါးစရာ၊ မေ့စရာ မောစရာတွေကတော့ဖြင့် ပြုံစုံပြီးသကာလနေပါပေါ့လား၊ တာရှည်နေရင် မေ့လိမ့်မယ် သူ့စိတ်ထဲသတိရလာတယ်. . . (မှန်ပါ)။

တာရှည်နေလို့ရှိရင်ဖြင့် ငါးပါးအာရုံ ကာမဂုဏ်ထဲမှ အမျောကြီး မျောပြီးသကာလနေတော့မှာပဲ. . . (မှန်ပါ)၊ မဖြစ်သေးပါဘူး၊ ငါဒီရွှေတုံးကြီးခန္ဓာနဲ့ ရွှေဘုံရွှေနန်းတွေနဲ့ အလုံးစုံစည်းစိမ်ခမ်းနားကြီးကျယ်နေတာဟာ ဘာပါလိမ့်မတုံးဆိုတော့ ဩော်. . . ငါသည်ကားလို့ဆိုလို့ရှိရင် ဝိပဿနာလုပ်ခဲ့တာပဲ၊ ပေါ်လာပြီ. . . (မှန်ပါ)။

ဝိပဿနာလုပ်လို့ သောတာပန်တည်ခဲ့ပြီ၊ အင်း. . . ဝိပဿနာသမ္မာဒိဋ္ဌိ၏အကျိုးတွေပါလား၊ သို့သော် ဝိပဿနာသမ္မာဒိဋ္ဌိ ပဋိသန္ဓေအကျိုးမပေးဘူးဆိုပဲ၊ ငါပဋိသန္ဓေနေရတာလည်း၊ ငါ့အပြစ်ပဲဆိုတာလည်း သူသိတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဘုရားကို လျှောက်တယ်

ကိုင်း. . . ဒါနဲ့ပဲ သူသည်ကားလို့ဆိုရင်ဖြင့် အမေ့ကြီးမေ့ပြီး နေမှာစိုးတာနဲ့ ညနေသေညပဲ ဘုရားဆီဆင်းလာတယ်၊ ညနေ သေပြီး ညဇေတဝန်ကျောင်းပြန်ဆင်းတယ်. . . (မှန်ပါ)၊ သေတာက ညနေနော် ဒကာ ဒကာမတို့. . . (မှန်ပါ) ညပဲ ဇေတဝန်ကျောင်းပြန်ပြီး သင်္ကာလဆင်းလိုက်တယ်၊

ဆင်းပြီးသင်္ကာလ ဘုရားကို သူလျှောက်ပါတယ်၊ အရှင်ဘုရားတဲ့ တပည့်တော်သည်ကားဆိုလို့ရှိရင်ဖြင့် နတ်ပြည်ကလာတဲ့ အနာထပိဏ်သူဌေးကြီးပါပဲ၊ ၎င်းအနာထပိဏ်သူဌေးကြီးသည်ကားဆိုရင်ဖြင့် တပည့်တော်ဉာဏ်ထဲမှာလည်း အမှန်မြင်တာကို အရှင်ဘုရားလျှောက်လို့ရှိရင်ဖြင့် အရှင်ဘုရားသဘောကျလည်း ဒီအတိုင်း နေလိုက်တာပေါ့၊ သဘောမကျလို့ရှိရင်လည်း အရှင်ဘုရားကပြန်ပြီး အဖြေပေးတော်မူပါ၊ သဘောပါကျပလား. . . (ပါပါပြီဘုရား)၊ ဘုရားလာလျှောက်တာနော်. . . (မှန်ပါ)၊

**"ကမ္မံ ဝိဇ္ဇာစ၊ ဓမ္မောစ၊ သီလံဇီဝိတမုတ္တမံ။ ဧတေန မစ္စာသုဇ္ဈန္တိ၊ နဂေါတ္တေန ဓနေနဝါ။ တသ္မာဟိ၊ ပဏ္ဍိတော ပေါသော သမ္ပဿံ အတ္ထမတ္တနော၊ ယောနိသော ဝိစိနေနဓမ္မံ၊ ဧဝံ တတ္ထဝိသုဇ္ဈတိ။"** ဒီဂါထာနှစ်ဂါထာနဲ့ လျှောက်ပါတယ်၊ လိုရင်း ဂါထာဒါပဲ. . . (မှန်ပါ)။

## ကိလေသာစင်မှ နိဗ္ဗာန်ရောက်မယ်

အဓိပ္ပါယ်ဘာသိရမလဲလို့မေးတော့- အရှင်ဘုရားတဲ့ လောကကြီးထဲမှာဖြင့် ကိလေသာစင်ကြယ်အောင် လုပ်တဲ့ နေရာမှာ တပည့်တော်တို့ အမှန်အစစ်ကို လျှောက်ရလို့ရှိရင်၊ ကိလေသာ စင်မှလည်း နိဗ္ဗာန်ရောက်မှာကို. . . (မှန်ပါ)၊ သောတာပန် သကဒါဂါမ်၊ အနာဂါမ်တည်ချင်လို့ရှိရင် ဆိုင်ရာဆိုင်ရာ ကိလေ သာစင်မှပဲတည်မယ်ဆိုတာကတော့ အထင်အရှားပါပဲ. . . (မှန်ပါ)၊

သောတာပန်ဖြင့် သောတာပန်ဆိုင်ရာ ကိလေသာစင်ရမယ်၊ သကဒါဂါမ်ဖြင့် သကဒါဂါမ်ဆိုင်ရာ ကိလေသာစင်မှ သကဒါဂါမ်ဖြစ်မှာကို. . . (မှန်ပါ)၊ အဲတော့ လောကကြီးမှာ စင်ကြယ်တယ် စင်ကြယ်တယ်ဆိုတာဘုရားတဲ့ မဂ္ဂင်မှပဲ စင်ကြယ်နိုင်တာတော့ အမှန်ပါပဲ၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊

ဝိပဿနာမဂ်ဖြစ်ဖြစ်၊ ဒီကာမဂ်ဖြစ်ဖြစ်၊ ဖိုလ်ထဲမှာပါတဲ့ ဖိုလ်ဂင်ဖြစ်ဖြစ်၊ မဂ္ဂင်ဖြစ်ဖြစ်ပေါ့ဗျာ. . . (မှန်ပါ)၊ သူမှသာလျှင် ဘုရားတဲ့ "ကမ္မံဝိဇ္ဇာစ၊ ဓမ္မောစ၊ သီလံဇီဝိတ မုတ္တမံ၊ ဧတေန၊ ဤမဂ္ဂင်ဆိုတဲ့တရားဖြင့်၊ မစ္စာ-သတ္တဝါတို့သည် သုဇ္ဈန္တိ-ကိလေသာ စင်ကြယ်ကြကုန်၏။

## မဂ္ဂင်မှ ဝဋ်ကိုဖြတ်စေနိုင်တယ်

တပည့်တော်သေသေချာချာလျှောက်ပါတယ်ဘုရားတဲ့ မဂ္ဂင်မှပဲဝဋ်ကိုလည်းပြတ်စေနိုင်တယ်၊ ကိလေသာအညစ်အကြေးကိုလည်း စင်ကြယ်နိုင်တယ်၊ ဒီအပြင် အမျိုးအနွယ်ကောင်းသဖြင့်လည်း ဘာမှမဆိုင်ပါဘူးဘုရား၊ ပစ္စည်းပေါသဖြင့်လည်း ဘာမှမဆိုင်ပါဘူးဘုရားတဲ့၊ သေသေချာချာစင်ကြယ်အောင်လုပ်ချင်လို့ရှိရင်ဖြင့် မဂ္ဂင်သာလျှင် စင်ကြယ်အောင်လုပ်ပြီးသကာလ နိဗ္ဗာန်ပို့နိုင်ပါတယ်. . . (မှန်ပါ့)၊ သေသေချာချာလာလျှောက် တယ်. . . (မှန်ပါ့)၊ ဦးခန့် ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)၊ ဘယ်ပြည်က လာလျှောက်ပါလိမ့် . . . (နတ်ပြည်ကပါဘုရား)၊

## ပေါ်လာတဲ့တရားသည်အနိစ္စ

တုသိတာနတ်ပြည်က လာလျှောက်တယ်၊ တုသိတာနတ်ပြည်ကလာလျှောက်တယ် ဒကာ ဒကာမတို့. . . (မှန်ပါ့)၊ သီလံ-ဆိုတဲ့ဥစ္စာက ဒကာ ဒကာမတို့ ခင်ဗျားတို့သိပြီးသားအတိုင်းပဲ ရှင်းပြပါ့မယ်တဲ့၊ ဥပမာ - ဒါလေးဟာ စိတ်ဖြစ်စေ၊ ဝေဒနာဖြစ်စေ၊ ခန္ဓာမှာပေါ်မယ်ဗျာ. . . (မှန်ပါ့)၊ ပေါ်တဲ့အခါကျလို့ရှိရင်တဲ့ ဒကာ ဒကာမတွေသည်ကားလို့ဆိုရင်ဖြင့် အင်း. . . တရားလေးဟာ ပေါ်လာတဲ့တရားလေးဟာအနိစ္စပါလားတော့ ဘုန်းကြီးသင်ထားလို့ လူတိုင်းပဲ ရှုကြမှာပဲ. . . (မှန်ပါ)။

အိပ်ချင်တဲ့စိတ်ကလေးပေါ် လာလည်း အနိစ္စရှုကြမှာပါ . . . (မှန်ပါ့)၊ ဖြစ်ပြီးပျက်တာ အနိစ္စကို . . . (မှန်ပါ့)၊ အင်း. . . စားချင်တဲ့စိတ်ကလေးပေါ် လာလည်း သတိရတဲ့အခါ မရှုကြပေဘူးလား . . . (ရှုပါတယ်ဘုရား)၊

## ဝိပဿနာမဂ္ဂင်ငါးပါး

အဲဒီလို ရှုလိုက်တော့ကို ဒီထဲမှာ မဂ္ဂင်က ငါးပါးပါတယ် . . . (မှန်ပါ့)၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတော့ သမာဓိမဂ္ဂင်က (၃)၊ ပညာမဂ္ဂင်က (၂)ပါ သဘောကျ ပလား. . . (ကျပါပြီဘုရား)၊ ဒါ ဝိပဿနာမဂ်နော် . . . (မှန်ပါ)၊ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ဒီငါးခုကိုဆိုပါတယ် . . . (မှန်ပါ့)၊

ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ဒကာ ဒကာမတို့ ဒီမဂ္ဂင် ငါးပါးကို ဆိုတာပါ. . . (မှန်ပါ့)၊ သူက ပဋိသန္ဓေ အကျိုးမပေး ဘူးလို့ မဆိုဘူးလား. . . (ဆိုပါတယ်ဘုရား)၊ အဲတော့ ဒီဝိပဿနာရှုရင်းရှုရင်းနဲ့ ဒကာ ဒကာမတို့သည် ကားဆိုရင် ဒီအဖြစ်အပျက်တွေမြင်လို့၊ ဒီအဖြစ်အပျက်တွေမုန်း၊ ဒီအဖြစ် အပျက်တွေဆုံးသွားတဲ့အခါကျတော့ ဝိပဿနာမဂ္ဂင်ဟာ (၈)ပါးဖြစ်ပြီးသကာလ နိဗ္ဗာန်မမြင်ပေဘူးလား. . . (မြင်ပါ တယ်ဘုရား)၊

## နိဗ္ဗာန်မြင်တော့ မဂ္ဂင် (၈) ပါး

မဂ္ဂင်(၈)ပါးဖြစ်ပြီးသကာလ နိဗ္ဗာန်မြင်တော့ နိဗ္ဗာန်မြင်တာသည် ဘာပါလိမ့်မတုံလို့မေးတော့ မဂ်ပဲ. . . (မှန်ပါ့)၊ နိဗ္ဗာန်မြင်တော့ (၈)ပါး ဖြစ်ပျက်မြင်တော့ . . . ((၅)ပါးပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊

တစ်ခါသွားလိုက်ပါဦး မဂ်ချုပ်သွားတဲ့အခါ၊ မဂ်ခန္ဓာကိုယ်ထဲမှာ တစ်နှစ်ဆိုချုပ်သွားတာ သိပ်ကြာတာမဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ မဂ်ချုပ်သွားပြီတဲ့အခါကျတော့ ဖိုလ်ဟာမလာပါနဲ့ဆိုလို့ မနေတော့ဘူး၊ အကာလိကောအခါမလင့်အကျိုးပေး၏ဆိုတော့ မဂ်ကြောင့် ဖိုလ်မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်)၊ ဒါမဂ်ပြီးဖိုလ်လာတာပဲ၊ အဲ့ဒီဖိုလ်စိတ်ဟာသောတာပန်ပဲ၊ ဒါကသောတာပတ္တိမဂ် ပုဂ္ဂိုလ်၊ ဒါက သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်. . . (မှန်ပါ့)။

## လောကုတ္တရာဖိုလ်ဂင် (၈)ပါး

အဲတော့ ဒကာ ဒကာမတို့ ရှေ့ပိုင်းက ငါးခုက ဝိပဿနာမဂ်ပါလား၊ ဒါက လောကုတ္တရာ၊ မဂ္ဂင်ရှစ်ပါးပါလား၊ လောကုတ္တရာ ဖိုလ်ဂင်ရှစ်ပါးပါလားဆိုတာ မသိသေးဘူးလား . . . (သိပါတယ်ဘုရား)၊ ဒါရှုလို့ပေါ် လာကြတာ၊ ရှုလို့သူချုပ်သွားပြီး သူပေါ် လာတယ် . . . (မှန်ပါ)၊ သူချုပ်သွားပြီး သူပေါ် လာတယ်ဆိုတာ ဒကာ ဒကာမတို့ အရှင်းသားပဲ. . . (မှန်ပါ)၊ မရှင်းကြပေဘူးလား. . . (ရှင်းပါတယ်ဘုရား)၊

အဲဒီ ရှင်းပြီးသကာလနေတော့ ခုနက အင်္ဂုတ္တိုရ်က ဘယ်လိုဆိုလိုက်တုံးဆိုတော့ ဝိပဿနာမဂ်သည် ဒကာဒကာမတို့ သူ့သက်သက်နဲ့ သေသွားရင် ပဋိသန္ဓေမလာဘူးလို့ပြော တာပဲ၊ သူကလည်း ဝဋ်ဖြတ်တယ်လို့ မဆိုလား. . . (ဆိုပါတယ် ဘုရား)၊ သူသည်ကား ဘဝဖြတ်တယ်လို့မဆိုဘူးလား. . . (ဆိုပါတယ်ဘုရား)၊

## ခန္ဓာဒုက္ခသိမ်းတယ်

ဘဝကို သူမစွဲငင်တော့ပါဘူး၊ ဘဝမလာတော့ပါဘူးဆိုသဖြင့် သုံးခုစလုံးဟာ ဒကာ ဒကာမတို့ ခန္ဓာဒုက္ခသိမ်းတာချည်းပဲ. . . (မှန်ပါ)၊ ဘယ်လိုဆုံးဖြတ်ချက်ချကြမတုံး. . . (ခန္ဓာဒုက္ခသိမ်းပါတယ်ဘုရား)၊ ခန္ဓာဒုက္ခသိမ်းတယ်ဆိုကတည်းက ရေဘေးမီးဘေးတွေဟာ ခန္ဓာရှိလို့ လာတာတွေ. . . (မှန်ပါ)။

ဘေးအတန်တန် (၉၆)ပါးရောဂါသိမ်း (၃၂)ပါးသော ကံကြမ္မာသိမ်း သဘောကျပလား. . . (ကျပါပြီဘုရား)၊ (၉၆ပါး ရောဂါဝေဒနာတွေလည်း ခန္ဓာရှိမှလာမှာဖြစ်သောကြောင့် ခန္ဓာသိမ်းရင် (၉၆)ပါးသိမ်းတယ် . . . (မှန်ပါ့)၊ ခန္ဓာသိမ်းရင် (၃၂)ပါးသော ကံကြမ္မာ တွေကော. . . (သိမ်းပါတယ်ဘုရား)၊ ခန္ဓာသိမ်းရင် (၂၅)ပါး သော ဘေးတွေကော. . . (သိမ်းပါတယ်

ဘုရား)၊ အင်း. . . အကုန်သိမ်းတယ်ဆိုတာ ဒကာ ဒကာမတွေ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဩော်. . . ဒီသုံးခုဟာ ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာသိမ်းတရား၊ ဒုက္ခသိမ်းတဲ့ တရားသုံးခုပါလားဆိုတာ ပေါ်လာတယ်. . . (ပေါ်ပါတယ်ဘုရား)၊ မနေ့ကပြောတဲ့အတိုင်း အနာထပိဏ်သူဌေးကြီးကလည်း အရှင်ဘုရားသူတို့မှ ကိလေသာစင်ကြယ်စေနိုင်တာ ဘုရား၊ ကိုစံလှရေ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)၊

ဒီသုံးခုမှ ဘာတဲ့တုံး. . . (ကိလေသာစင်ကြယ်နိုင်ပါတယ်ဘုရား)၊ ကိလေသာဆိုတာ တဏှာ. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ အင်း. . . သူတို့သုံးခုမှာဘာတဲ့ . . . (ကိလေသာစင်ကြယ်နိုင်ပါတယ်ဘုရား)၊ ကိလေသာစင်ကြယ်နိုင်တယ် ဆိုတော့ ကိလေ သာဝဋ်ကိုကံစချွတ်တဲ့ တရားသုံးခုပဲလို့ဆိုလို့ရှိရင် ဒကာ ဒကာမတွေ ကျေကျေနပ်နပ် သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဦးဘလေး သဘောကျပလား. . . (ကျပါပြီ ဘုရား)၊

## ဝိပဿနာရှုရင်းသေသွားရင်

ဒါဖြင့် ဒကာ ဒကာမတို့ မဂ္ဂင်ငါးပါးလည်း အကျိုးများတာပဲ. . . (မှန်ပါ့)၊ ဝိပဿနာရှုရင်း သေသွား၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဝိပဿနာရှုရင်း သေသွားတဲ့

ပုဂ္ဂိုလ်ဟာ ခုနှစ်ဘဝဆိုလို့ရှိရင်ဖြင့်တဲ့ ကိစ္စပြီးတာပဲ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဝိပဿနာရှုရင် သေတဲ့ပုဂ္ဂိုလ် ဟာ. . . (ခုနှစ်ဘဝနဲ့ ကိစ္စပြီးပါတယ်ဘုရား)၊ ခုနှစ်ဘဝဆိုရင် ကိစ္စပြီးတယ်၊ ရှုရင်းသေတာ ဟောဒီမဂ်မဆိုက်ဘူး. . . (မှန်ပါ)၊ ဒီမဂ်မဆိုက်ဘူး၊ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ သေသွားလို့၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊

## ခုနှစ်ဘဝဆိုရင် ကိစ္စပြီးတယ်

ခုနှစ်ဘဝဆိုရင်ဘာတဲ့တုံး. . . (ကိစ္စပြီးပါတယ်ဘုရား)၊ ဟာ. . . ဒါဖြင့် ဒကာ ဒကာမတို့ ခုနှစ်ဘဝကိစ္စပြီးတယ် ဆိုတော့ ရှင်းပြပါဦးမယ်တဲ့ ဟောဒီ ဝိပဿနာသမ္မာဒိဋ္ဌိရှုရင် ဒကာ ဒကာမတွေက ဖြစ်ပျက်မြင်ပြီးသကာလ အင်း. . . အထက်မဂ်လည်း မတက်နိုင်တာနဲ့ သေပွဲဝင်ကြတယ်ဆိုကြပါစို့ . . . (တင်ပါ)။

သေပွဲဝင်ကြတဲ့အခါကျလို့ရှိရင် ဖျက်ဆို သူက သုဂတိ တော့ရောက်အောင်ပို့ရမှာကိုဗျ. . . (မှန်ပါ)၊ မပို့ပေဘူးလား . . . (ပို့ပါတယ်ဘုရား)။

သုဂတိရောက်တဲ့အခါကျတော့ နတ်သမီးရငံခွင်ထဲမှာ "အိပ်သောယောကျ်ားနိုးတဲ့အလားကဲ့သို့" တစ်ခါတည်း ဒကာ ဒကာမတို့ သောတာပန်သွားတည်တာပဲ၊ ဝိပဿနာ ရှုရင်းသာ သေသွားလို့ရှိရင် ဒီဘဝမတည် ဒုတိယဘဝသေချာ တည် တာပဲ. . . (မှန်ပါ့)။

## ဒုတိယဘဝမှာသောတာပန်တည်လို့

အဲဒါကြောင့် ဒုတိယဘဝ သောတာပန်တည်တော့ ခုနှစ်ဘဝလို့ဆိုလိုက်တယ်. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ဒါတိပိဋကတ် စူဠနာဂမထေရ်က ဒီလိုဆုံးဖြတ်ချက်ချလိုက်တယ်၊ ဝိပဿနာနဲ့သေရင် ခုနှစ်ဘဝပါကွာ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီမဂ်တွေ ဒီဖိုလ်တွေကတော့ဖြင့် ဒါဘဝဆိုစရာမရှိဘူးတဲ့ မဂ်လေးတန်တန်းရလို့ရှိရင် ဒီဘဝကိစ္စပြီးတာပဲ . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် အရှင်ဘုရားတဲ့ အနာထပိဏ်သူဌေးကြီးက "လောကကြီးထဲမှာ ဝိပဿနာမဂ်မှတစ်ပါး၊ လောကုတ္တရာမဂ်မှတစ်ပါး၊ အားလုံးသော ပုဂ္ဂိုလ်တွေမှာဖြင့် ကိလေသာ အညစ်အကြေးမှ စင်ကြယ်စေနိုင်တာဖြင့် ဘာမှမရှိပါဘူး၊ ဒီဝိပဿနာမဂ်နဲ့ ဒီလောကုတ္တရာမဂ်ပဲရှိတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဒါဖြင့်တဲ့ "ကမ္မံ ဝိဇ္ဇာစ၊ ဓမ္မောစ၊ သီလံဇီဝိတမုတ္တမံ"၊ ဆိုတဲ့အတိုင်း၊ သီလဟာလည်း အမြတ်ဆုံးပဲဆိုတော့ မဂ္ဂင်ရှစ်ပါးထဲ သီလကလည်း ပါပြီးသားဖြစ်နေတယ်. . . (မှန်ပါ)၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပက-ပညာမဂ္ဂင်ဖြစ်တော့၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိက သမ္မာဓိတွေ ဖြစ်နေတော့ ဒကာ ဒကာမတွေ

သိတဲ့အတိုင်း သီလ၊ သမာဓိ၊ ပညာစုံနေတယ်. . . (မှန်ပါ)၊ မစုံဘူးလား. . . (စုံပါတယ်ဘုရား)၊ ဝိပဿနာ မဂ်ထဲမှာတော့ သီလမစုံဘူး သမာဓိ ပညာစုံတယ်. . . (မှန်ပါ)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဝိပဿနာမဂ်ကတော့. . . (သီလမစုံပါဘုရား)၊ ဖြစ်ပျက်ကိုမြင်တဲ့ ဒကာ ဒကာမကျတော့ သီလတော့မစုံသေးဘူးတဲ့. . . (မှန်ပါ)၊ သမာဓိ ပညာကတော့ ကိုင်း. . . ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်တဲ့ပုဂ္ဂိုလ်ကျတော့ ဘာစုံမတုံး. . . (သီလစုံပါပြီဘုရား)၊ သီလ၊ သမာဓိ၊ ပညာစုံတယ်၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒုက္ခချုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဘာတဲ့. . . (သီလ၊ သမာဓိ၊ ပညာစုံပါတယ်ဘုရား)၊ ဒုက္ခမချုပ်သေးဘူးဘုရား၊ တပည့်တော်တို့က ဖြစ်ပျက်ကလေးတွေပဲ၊ တစ်ခါတစ်ခါတွေ့နေသေးတယ်လို့ဆိုတော့ သီလမပါဘူး. . . (မှန်ပါ့)၊ သီလမစုံသေးဘူး. . . (မှန်ပါ့)၊ မစုံပေမဲ့ လုံးလုံးမပါဘူးလားလို့ ဒီလိုလည်း မယုံလိုက်ပါနဲ့၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတော့ ကောင်းတဲ့ အလုပ် လုပ်နေသောကြောင့် ဒီထဲမှာ သမ္မာကမ္မန္တဆိုတဲ့ သီလဟာတော့ပါသေးတယ်၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ ဝစီကံနဲ့ ဖြစ်ပျက်ရှုနေ သမ္မာဝါစာပါလိုက်ပါတယ်. . . (မှန်ပါ)။

## မဂ္ဂင် (၆) ခု (၇) ခုဝင်နေတယ်

သမ္မာအာဇီဝ မပါဘူးဆိုရင်တော့ မပါဘူးသာဆိုတယ် (၆)ခုနဲ့ (၇)ခုလဲပါဝင်နေတယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲတော့ ဒီထဲမှာလည်း ထိုက်တန်တဲ့ သီလမပါဘူးလား . . . (ပါပါတယ်ဘုရား)၊ သို့သော် ဘယ်နဲ့ကြောင့် သီလမပါဘူးလို့ဆိုရသတုံးဆိုတော့ မမြဲသေးလို့. . . (မှန်ပါ)၊ ဝိပဿနာမဂ်သမားကတော့ဖြင့် မမြဲသေးဘူး သီလမမြဲသေးဘူး. . . (မှန်ပါ)။

မုသားပြောချင်လည်း ပြောလိုက်လိမ့်မယ်၊ မူးချင်လည်း မူးလိုက်မယ်၊ ရှူးချင်လည်းရှူးလိုက်မယ်ဆို ဝိပဿနာမဂ်သမားကတော့ ဒီလိုရှိသေးတယ်တဲ့ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ ဟောဒီဘက်က ရှစ်ပါးသာပြည့်ပြီးသားပုဂ္ဂိုလ်ကျတော့ အသက်အသေခံမယ် မုသားလည်းမပြောပါဘူး၊ သေရည်သေရက် လည်း မသောက်ပါဘူး. . . (မှန်ပါ)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ်

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာမဂ်နဲ့ ဒီ လောကုတ္တရာဖြစ်တဲ့ မဂ်နဲ့သည်ကားဆိုလို့ရှိရင်ဖြင့် (၆)ပါး၊ (၇)ပါးနဲ့

(၈)ပါးကွာတယ် ဒီဘက်ကတော့ (၆)ပါး၊ (၇)ပါးဖြစ်ချင်လည်း ဖြစ်မယ်. . . (မှန်ပါ)၊ (၈)ပါး ဘယ်တော့မှမဖြစ်ဘူး၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဝိပဿနာမဂ်က (၈)ပါး ဘယ်တော့မှမဖြစ်ဘူး (၅)ပါး၊ (၆)ပါး တစ်ခါတစ်လေ (၆)ပါး (၇)ပါး. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## အမြင်ချင်းကခြားနားတယ်

ဒီကတော့ကို ဘယ်အခါမဆို သူက (၈)ပါးပဲ၊ ဒါကြောင့် မပြည့်တဲ့အတွက် ဒကာမတို့ရှေ့မဂ်ကတော့ နိဗ္ဗာန်မမြင်ဘူး၊ သင်္ခါရကိုသာ မြင်နေတယ်. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ဒီနောက် (၈)ကတော့. . . (နိဗ္ဗာန်မြင်ပါတယ်ဘုရား)၊ နိဗ္ဗာန်မြင်ဆိုတော့ အမြင်ချင်းကလည်း ခြားနားတယ်. . . (ခြားနားပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ချုပ်တာမြင်တာ၊ နိဗ္ဗာန်မြင်တာ

ဟိုကချုပ်တာသာမြင်တယ်၊ ဝိပဿနာမဂ်က. . . (မှန်ပါ)၊ သူကနိဗ္ဗာန်ကိုမြင်တယ်. . . (မှန်ပါ)၊ ချုပ်တာမြင်တာနဲ့ နိဗ္ဗာန်မြင်တာနဲ့ကွာသေးတယ်. . . (ကွာပါတယ်ဘုရား)၊ မကွာဘူးလား. . . (ကွာပါတယ်ဘုရား)၊ အဲဒါတွေကြည့်ပြီး စဉ်းစားလိုက်တဲ့အခါကျတော့မှ ဩော်. . . ဝိပဿနာမဂ်လည်း

အတော်ခရီးပေါက်တယ် . . . (မှန်ပါ)၊ သူလည်း (၆) (၇) ဖြစ်နေတယ် . . . (မှန်ပါ)၊ ကျေနပ်ပလား . . . (ကျေနပ်ပါပြီ ဘုရား)။

ဒကာကြီးလှိုင်တို့ ကြိုးစားပါနော်ဆိုတာ တိုက်တွန်းတယ်နော် ဝိပဿနာရှုနေရင်း မတ္တာနဲ့ပဲ သီလမဂ္ဂင်ကဝင်လိုက်ပါသေးတယ် . . . . (မှန်ပါ)၊ ငါးပါးဆိုတာက ဧကန်ပြောတာပါ၊ တစ်ခါတလေကျတော့ ဝိပဿနာလုပ်နေထိုင်နေတဲ့အခါကျတော့ သူကောင်းကဲ့အလုပ်လုပ်တာမဟုတ်ဘူးလား ဟုတ်သလား . . . (ဟုတ်ပါတယ်ဘုရား)၊ ဒါဖြင့် သမ္မာ ကမ္မန္တ၊ သမ္မာကကောင်းတာ၊ သမ္မန္တက အမှုလုပ်နေတာ၊ ကောင်းတဲ့ အမှုလုပ်နေတာ၊ ဒါကြောင့် သမ္မာကမ္မန္တ မဂ္ဂင်ဝင်လာတယ် . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အင် . . . ဒါလေးဟာ မြင်တာလေးဟာ အနိစ္စပါလား၊ တခြားတရားမဟုတ်ပါလားလို့ ပါးစပ်ကများဖွင့်လိုက်တဲ့ အခါကျတော့ သမ္မာဝါစာဝင်လာတယ်၊ မဝင်လာဘူးလား . . . (ဝင်လာပါတယ်ဘုရား)။

## မဂ္ဂင်(၈)ပါးသာ သူ့မပြည့်တာ

အဲဒီတော့ နဂိုငါးပါးရှိတဲ့အထဲမှာ (၂)ပါးတိုး မလာဘူးလား . . . (တိုးလာပါတယ်ဘုရား))၊ တိုးတော့ (၆)ပါးသော်လည်းကောင်း၊ (၇)ပါးသော်လည်းကကောင်း မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)၊

အင်း. . . (၆)ပါး (၇)ပါးဖြစ်နေတော့ (၈)သာ သူမပြည့်တာ. . . (မှန်ပါ)၊ ဒါကြောင့် သူသည်ကားဆိုလို့ရှိရင် ဒကာဒကာမတို့ သူထဲမှာလည်း သေသေချာချာစစ်လိုက်တော့ သီလ၊ သမာဓိ၊ ပညာပါတယ်၊ သီလမစုံတာတစ်ခုပဲရှိတယ်. . . (မှန်ပါ)၊ သဘောကျပလား ဘာတဲ့တုံး. . . (သီလ၊ သမာဓိ၊ ပညာပါပါတယ်ဘုရား) ပါတယ် ဘယ်သူမစုံသတုံး. . . (သီလမစုံပါဘုရား)။

သီလမစုံဘူး၊ စုံရင် လောကုတ္တရာဖြစ်တော့မယ် . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ စုံရင် . . . (လောကုတ္တရာ ဖြစ်တော့မှာပါဘုရား)၊ ဩော်. . . စုံရင် လောကုတ္တရာဖြစ်မယ်ဆိုတော့ စုံအောင် ကြိုးစားဖို့ရာ ဆိုတော့ အမြင်ခြင်းမတူဘူးပေါ့ မောင်နိုင်ရာ . . (မှန်ပါ)၊ ဝိပဿနာမဂ်ကချုပ်သွားတာလေးတွေသာမြင်တယ်. . . (မှန်ပါ)။

## ဝိပဿနာမဂ်ကချုပ်သွားတာမြင်တယ်

တစ်နေ့က ရှင်ဆန္ဒ ပြောတယ်မဟုတ်လား. . . (မှန်ပါ)၊ ဝိပဿနာမဂ်က ဘာတဲ့. . . (ချုပ်သွားတာမြင်ပါတယ်)၊ ချုပ်သွားတာတွေ၊ စိတ်ကလေးဖြစ်မရှိပြန်ဘူး၊ ရုပ်ကလေးရှုတဲ့ပုဂ္ဂိုလ်က ရုပ်ကလေးမရှိတာပဲသူသိတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အင်း. . . ဝေဒနာလေးရှုတဲ့ပုဂ္ဂိုလ်က အင်း. . . ခုနက ဒီနေရာ နာတယ် နာတာလေးမရှိဘူးလို့သိပါတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ခုနက ဒီနေရာကောင်းပါတယ် ကောင်းတာလေးမရှိဘူးလို့ ဒီလိုသိတယ်. . . (မှန်ပါ)၊ နိဗ္ဗာန် တော့မမြင်ဘူး ချုပ်သွားတာမြင်တယ် သူက. . . (မှန်ပါ)၊ သဘောပလား. . . (ပါပါပြီဘုရား)။

ဝိပဿနာကဘာမြင်တုံး. . . (ချုပ်သွားတာမြင်ပါတယ်ဘုရား)၊ အင်း. . . ဝိပဿနာနောက်ကလိုက်လာတော့ တကယ့်မဂ်စစ်ဖြစ်ခဲ့တဲ့အခါကျလို့ရှိရင်ဖြင့် နိဗ္ဗာန်ကိုမြင်တယ် . . . (မှန်ပါ)၊ ဒါဖြင့် ချုပ်သွားတာမြင်တာနဲ့ နိဗ္ဗာန်မြင်တာနဲ့ အမြင်ခြားနားတယ်. . . (ခြားနားပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## လောကုတ္တရာမဂ်ကနိဗ္ဗာန်မြင်တယ်

အဲ. . . နိဗ္ဗာန်မြင်တယ်ဆိုတာကလည်း ဘယ်လိုမြင်တာတုံးလို့မေးတဲ့အခါကျတော့ ဩော်. . . ဒီဒုက္ခတွေချုပ်တာဒါနိဗ္ဗာန်ပဲလို့ ကိုယ့်ဟာကို ဆုံးဖြတ်ချက်ချမြင်တာ. . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကိုယ့်ဟာကို ဆုံးဖြတ်ချက်ချပြီး ဩော်. . . မိမိတော့ ဖြင့် နိဗ္ဗာန်ရောက်ပါ၏ သေသေချာချာပဲ၊ ဒုက္ခဆိုမြူစမှ ရှာမတွေ့

ဘူး၊ ကိုယ့်ဟာကို ဆုံးဖြတ်ချက်ချလို့ရှိရင်လည်း နိဗ္ဗာန်မြင်တာ ပါပဲ. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါပါ ပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဘက်က ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဒီက မဂ်သမ္မာဒိဋ္ဌိ၊ ဒီက ဖိုလ်သမ္မာဒိဋ္ဌိဆိုတော့ ဒါပြန်ရောက်တာပဲ မရောက်ဘူးလားမောင်နိုင်. . . (ရောက်ပါတယ်ဘုရား)၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိ ဒီထဲမှာမပါဘူး၊ ပါသေးရဲ့လား. . . (မပါပါဘူးဘုရား)။

အဲဒီတင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို နတ်သားက အရှင်ဘုရား။

၁။ မဂ္ဂင်မှတစ်ပါး ဒီလောကကြီးထဲမှာဖြင့် ကိလေသာ အညစ်အကြေးစင်ကြယ်ပြီး သတ္တဝါ၊ နိဗ္ဗာန်ရောက်တဲ့တရားမရှိပါဘူးဘုရား၊

၂။ အနွယ်ကောင်းလို့လည်း နိဗ္ဗာန်မရောက်နိုင်ပါဘူး၊

၃။ ပစ္စည်းပေါလို့လည်း. . . (နိဗ္ဗာန်မရောက်နိုင်ပါဘူး)၊ မရောက်နိုင်ပါဘူးဘုရား၊ သေသေချာချာပြောရလို့ ရှိရင် မဂ္ဂင်မှ ရောက်နိုင်တယ် ဘုရားဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မဟုတ်ရင်လည်း မဟုတ်ဘူးလို့ ပြောရမှာပေါ့လေ. . . (မှန်ပါ)။

## တုသိတာနတ်ပြည်ပြန်

ငြိမ်ပြီးခံနေတယ်ဆိုတော့ သူမှန်လို့လား၊ မှားလို့လား . . . (မှန်လို့ပါဘုရား)၊ မှားရင် ချက်ချင်းပြောမှာပေါ့ အဲဒီတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူလျှောက် တာသဘောတူပြီ အနာထပိဏ်သူဌေးကြီးလျှောက်တာ သဘောတူပြီဆိုပြီး သကာလ အနာထပိဏ်သူဌေးကြီး တုသိတာပြည်ပဲပြန်သွားတယ်၊ သဘောကျကြပလား၊ အင်း. . . မဂ္ဂင်မှ အညစ်အကြေးကို စင်ပြီးသကာလ နိဗ္ဗာန်ရောက်နိုင်တယ်။

ကျန်တဲ့ အနွယ်ကောင်း၊ ပစ္စည်းပေါသဖြင့်မရောက်နိုင်ပါဘူးဘုရားဆိုတာ သူကိုယ်တိုင်လာလျှောက်တယ်. . . (မှန်ပါ)၊ ဒါဖြင့် ဒကာ ဒကာမတို့အရေးထားပြီးသကာလ ကျပ်တို့ပွားများရမှာ ဘယ်ဟာပါလိမ့်. . . (မဂ္ဂင်ပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## အရေးထားပြီးပွားများရမှာမဂ္ဂင်

အရေးထားပြီးပွားများရမှာ. . . (မဂ္ဂင်ပါဘုရား)၊ ဒါဖြင့် မဂ္ဂင်ပွားများမည့်ကြဲတော့ (၆)ကပါး (၇)ပါး မပွားဘဲနဲ့ (၈)ပါး ဘယ်တော့မှဖြစ်မှာမဟုတ်ဘူး. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ (၆)ပါး (၇)ပါးမပွားဘဲနဲ့ (၈)ပါးဘယ်တော့မှမဖြစ်နိုင်ဘူး၊ (၅)ပါး (၆)ပါးကို မပွားဘဲနဲ့လည်း (၈)ပါး မဖြစ်နိုင်ဘူး၊ (၆)ပါး (၇)ပါးမပွားဘဲနဲ့လည်း. . . (၈)ပါးမဖြစ်နိုင်ပါဘူးဘုရား)၊ (၈)ပါးမဖြစ်နိုင်ဘူးဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာမဂ်ကစမှသာလျှင် သတိပဋ္ဌာန်တစ်ခုလုံးမှာ. . . သေသေချာချာသာမှတ်ပေတော့၊ ဝိပဿနာမဂ်သာပါတယ်၊ သတိပဋ္ဌာန်စာအုပ်ကြီးတစ်အုပ်လုံး မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးတိုက်ရိုက်ဟောတာ၊ လောကုတ္တရာမဂ်ကို မပါပါဘူး. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဟောဒီတစ်လုပ်တည်းနဲ့ နိဗ္ဗာန်ရောက်တယ်

အဲ. . . သတိပဋ္ဌာန်တစ်ခုလုံးမှာ ဝိပဿနာမဂ်ချည်းပဲ ဆုံးဖြတ်ချက်ချတော့ "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဘိက္ခဝေ-ရဟန်းတို့၊ အယံမဂ္ဂေါ-မင်းတို့သည် ကားလို့ဆိုရင် အားထုတ်နေတဲ့ ဉာဏ်မဂ္ဂင်သည်၊ ဒါအားထုတ်တဲ့မဂ္ဂင်၊ ဒါရင့် သွားလည်း ဒီမဂ္ဂင်ပေါ့လေ. . . (မှန်ပါ)၊ ဧကာယနော- တစ်ခုသော၊ တစ်ကြောင်းတည်းနဲ့ ဟောဒီတစ်လုပ်တည်းနဲ့ နိဗ္ဗာန်ရောက်၏၊ ဘာမှလုပ်မနေနဲ့ ဒီအဓိပ္ပါယ်ရှင်းအောင် ပြောနေတာပဲ၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ"ဆိုတဲ့အတိုင်း ဒါနိဗ္ဗာန်တင် ရောက်သလားကွလို့ မေးလိုက်ပြန်တော့ နိဗ္ဗာန် တင်မကပါဘူး သောကပရိဒေဝါနံ သမတိက္ကမာယဆိုပြီး သောက ပရိဒေဝတွေလည်းကွာတဲ့ သူတို့ကပဲဖြစ်ပါတယ်. . . (မှန်ပါ)၊

သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ မဂ္ဂင်ကပဲဖြတ်တယ်၊ ဒုက္ခဒေါမနဿတွေကောဘုရား အို. . . သူတို့ကဖြတ်တယ်ကွ၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)၊ သောကပရိဒေဝလည်း မဂ္ဂင်ကပဲဖြတ်တယ်။

ဒုက္ခဒေါမနဿတွေကော. . . (မဂ္ဂင်ကဖြတ်ပါတယ်ဘုရား)၊ ဉာယဿအဓိဂမာယတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ရာလည်း သူတို့ပါပဲ၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ တကယ့်ဒုက္ခခပ်သိမ်းကင်းငြိမ်တဲ့ နိဗ္ဗာန်လည်း သူတို့ပဲကွ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ဘုရားအဆူဆူမစွန့်တဲ့ပါဠိတော်

ဒါက ဘုန်းကြီးက ဆောင်ရွက်နေတဲ့ ပါဠိတော်မဟုတ်ဘူးတဲ့ ဘုရားအဆူဆူမစွန့်တဲ့ပါဠိတော်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဘုရားအဆူဆူ ဒီပါဠိတော်ကို ဘယ်ဘုရားမှ မစွန့်ရဘူး ဒီလမ်းကိုပဲ ဟောရတယ်၊ နောက်ဘုရားပွင့်လည်း ဒါပဲ ဟောရမယ်. . . (မှန်ပါ)၊ သဘောကျပလား . . . (ပါပါတယ်ဘုရား)။

အဲဒီတင် တုသိတာ နတ်ပြည်ပြန်ပြီးသကာလ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း သဘောတူတယ်၊ ဝိပဿနာမဂ်၊ လောကုတ္တရာမဂ်မှ မလုပ်လို့ရှိရင်ဖြင့် အင်း. . . ကိလေသာအညစ်အကြေးစင်ကြယ်စရာမရှိဘူးကွာဆိုတာ ဘုရားကလည်း သဘောတူတဲ့အတွက် ထောက်ခံလိုက်တယ်. . . (မှန်ပါ)၊ ဖွင့်တော့မပြောဘူးငြိမ်ခံလိုက်တယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲတော့ လျှောက်တဲ့ပုဂ္ဂိုလ်ကလည်း သောတာပန်၊ အလျှောက်ခံရတဲ့ ပုဂ္ဂိုလ်ကလည်း ဘုရားဆိုတော့ ဒကာဒကာမတို့ တစ်ယောက်က အဆိုသွင်းရင် တစ်ယောက်က ထောက်ခံတဲ့တရားဟာ အမှန်ဆုံးတရားမှ တစ်ပါး ဘာမှ ဆိုစရာမရှိတော့ဘူး. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)၊ အမှန်ဆုံးတရားအစစ်ပဲဆိုတာ ကျေကျေနပ်နပ်သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတင်မှ သူပြန်သွားတော့ ညလည်း ဇေတဝန်ကျောင်းတစ်ခုလုံးလည်းလင်းပြီးသကာလနေတော့ ရှင်အာနန္ဒာတို့နဲ့တကွ၊ အတူနေကြတဲ့ ရဟန်းတွေကမြင်ကြတာပေါ့၊ အရှင်ဘုရား မနက်မိုးလင်းတော့လျှောက်တယ်၊ ညက အရောင်အဆင်း အလင်းတွေ တယ်ထူးခြားတယ်ဘုရား ဘယ်သူများလာပါတုံးအို. . . အနာထပိဏ်သူဌေးကြီးတုသိတာနတ်ပြည်ကလာ တယ်ကွ၊ ဘုရားကပဲ။

## ရှင်သာရိပုတ္တရာကို အကြည်ညိုဆုံး

ဘာတွေများ လျှောက်သွားပါသတုံးဘုရား၊ အို. . . သူ့ကျောင်းမှာ သံဃာတွေနေတာ ဝမ်းသာတယ်လို့လျှောက်တယ်ကွ၊ မဂ္ဂင်မှတစ်ပါးကိလေသာအညစ်အကြေးစင်ကြယ်တာ မရှိဘူးလို့လျှောက်သွားသေးတယ်ကွ၊ သူအကြည်ညိုဆုံးသည်ကားလို့ဆိုရင် ဘုရားကလွဲ၊ ရှင်သာရိပုတ္တရာ အကြည်ညိုဆုံးလို့ လျှောက်သွားသေးတယ်ကွ၊ သဘောကျပြီလား. . . (ကျပါပြီ ဘုရား)။

လိုရင်းကတော့ ခင်ဗျားတို့ သူ့အကျိုးသူပြောတာ ကတော့ သူကျောင်းဆောက်ထားလို့ သူ့ကျောင်းသံဃာတွေ နေတာ ,သူဝမ်းသာတာ၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)၊ ဒါက ကျုပ်တို့ အလုပ်သမားနဲ့မဆိုင်ပါဘူး၊ ရှင်သာရိပုတ္တရာ သူဘုရားအောက်မှာ သူအကြည်ညိုဆုံးပဲဆိုတာ သူ့ကျေးဇူးရှင်ကို. . . (မှန်ပါ)၊ သေခါနီးလာပြီးတရားဟောတော့ ကျေးဇူးရှင်မို့ သိပ်ကြည်ညိုပါတယ်လို့လျှောက်တာ . . . (မှန်ပါ)။

## မဂ္ဂင်လုပ်မှ ကိလေသာစင်ကြယ်မယ်

လိုရင်းအကျဉ်းချုပ်ကတော့ ဘုရားနဲ့တကွ တညီတညွတ်တည်း ဆုံးဖြတ်ချက်ချတာက မဂ္ဂင်အလုပ်မှ ကိလေသာ

စင်ကြယ်နိုင်တယ်ဆိုတဲ့ အလုပ်ကို ဘုရားကလည်း သဘောတူတယ်. . . (မှန်ပါ)၊ သူကလည်း လျှောက်တယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဘုရားကလည်း. . . (သဘောတူပါတယ်ဘုရား)၊ သူကလည်း. . . (လျှောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီအလုပ်ဟာ မလုပ်မဖြစ်သင့်တဲ့ အလုပ်ထဲမှာဖြင့် အကြီးကျယ်ဆုံးထားရမည့်အလုပ် . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ အဘယ်ကြောင့်ဆိုသော် ခုနကစပြီး ဝေဖန်ကတည်းကလည်း ဒကာ ဒကာမတို့ ခုနက ပြောခဲ့တဲ့ ဒီဟာတွေ အသာထားလိုက်ပါ၊ ငါးပါးပြန်ပြီးပြလိုက်တဲ့အခါကျတော့ ကမ္မဿကတ သမာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိဆိုတာ၊ အင်း. . . သာသနာပမှာ ကျုပ်တို့သည် အင်း. . . လူ့ဘဝ၊ ဖြဟ္မာ့ဘဝ၊ နတ်ဘဝတွေမရကြဘူးလား . . . (ရပါတယ်ဘုရား)။

## ငြင်းဖို့မလိုတော့ဘူး

အင်း. . . ဒါမရဖူးဘူးလို့ ဘယ်သူမှငြင်းနိုင်စရာရှိရဲ့လား. . . (မရှိပါဘူး)၊ ဘဝပြတ်ဆိုတဲ့ ပဋိသန္ဓေတည်ခြင်း၊ အိုခြင်း၊ နာခြင်း ကိစ္စတွေကိုတဲ့ ခုနကပြောခဲ့တဲ့ သုံးခုကမှ

သိမ်းတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

သေချာပြီး သကာလနေတော့ ကျုပ်တို့ မကြုံဖူးတာက ဒီ (၃၊၄၊၅) ကြုံဖူးတာတွေက. . . ((၁၊၂)ပါဘုရား)၊ ကြုံဖူးတာတွေက (၁၊၂)ဖြစ်ပြီးသကာလ၊ မကြုံဖူးတာတွေက (၃၊၄၊၅)ဆိုတာလည်း ငြင်းဖို့မလိုတော့ဘူး. . . (မှန်ပါ)၊ ဘယ်သူကသက်သေခံတုံး. . . (ခန္ဓာကသက်သေခံပါတယ်ဘုရား)။

ဒီဘက်ကျတော့ ဗြဟ္မာပြည်ကဆင်းလာတာက သက်သေခံတယ်. . . (မှန်ပါ)၊ ဒီဟာကျတော့ လက်ရှိခန္ဓာက . . . (သက်သေခံပါတယ်ဘုရား)၊ ဒါကျတော့၊ (ကမ္ဘာပျက်တိုင်း ကျုပ်တို့ ဗြဟ္မာပြည်များသောအားဖြင့်ရောက်ပြီး သကာလ၊ ဗြဟ္မာပြည်ကဆင်းလာလို့ လူဖြစ်လာကြရတာကို သူကပွားစည်းလာတာတွေဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

အဲတော့ ဒီနှစ်ခုနဲ့ပဲ တစ်သံသရာလုံးလှည့်ပြီး သကာလနေတာ ဘယ်အခါကာလမှ ဆားမြည်းခဲ့တဲ့အခြေအနေ မရောက်ပါဘူး. . . (မှန်ပါ)၊ သေချာပလား. . . (သေချာပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒီအလုပ်ဟာ ဪ တို့သည်ကားလို့ဆိုလို့ရှိရင် ဘယ်နဲ့ကြောင့် လာကြုံပါလိမ့်မလဲ ဒီဆရာကြီးနဲ့ ဒီအခါနဲ့ ဒီဆရာ ဘုန်းကြီးနဲ့ တို့နဲ့ ဘယ်လိုကြောင့် ကြုံလာပါလိမ့်မတုံးဆိုတဲ့ တွေးလုံးကို ထုတ်ဖို့ အချိန်

အခါရောက်ပြီ. . . (မှန်ပါ)၊ မရောက်ဘူးလား. . . (ရောက်ပါပြီဘုရား)။

## တောင်းခဲ့တဲ့ဆုပြည့်တဲ့အချိန်

ခင်ဗျားတို့ တောင်းခဲ့တဲ့ဆု တစ်ခါတည်း ပြည့်တဲ့အချိန်မို့တွေ့လာတာ. . . (မှန်ပါ)၊ နို့မဟုတ်တွေ့ကိုမတွေ့ဘူး. . . (မှန်ပါ)၊ တွေ့ပါမလား. . . (မတွေ့ပါဘူးဘုရား)၊ ဘုန်းကြီးကရင်လည်း သေနှင့်၊ ခင်ဗျားတို့က ရင်လည်းသေနှင့်၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ တွေ့နိုင်စရာမြင်ရဲ့လား. . . (မမြင်ပါဘုရား)။

သို့မဟုတ် ဘုန်းကြီးက ရင် အငယ်လေးရင်ဖြစ်ရမယ်၊ ခင်ဗျားတို့က အကြီးဆုံးရင်လည်းဖြစ်သွားမယ်. . . (မှန်ပါ)၊ ဒီလို အရွယ်တူ၊ တန်းတူဖြစ်နိုင်ပါ့မလား. . . (မဖြစ်နိုင်ပါဘူးဘုရား)၊ အဲဒါတွေ အကုန်စုံပြီးသကာလကြည့်လိုက်တဲ့အခါကျတော့မှ တောင်းသရွေ့ဆုအကုန်ပြည့်တဲ့အချိန်ဟာ ဒီအချိန်ပါလားလုပ်ရုံပဲလို့တော့တယ်. . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

တောင်းသရွေ့ဆု. . . (အကုန်ပြည့်စုံပါပြီဘုရား)၊ အကုန်ပြည့်တာပဲဆိုတော့ ဒီလိုသာသနာတွင်းကြုံပြီး သကာလ ဝိပဿနာဉာဏ်စခန်းတွေနဲ့ တက်လှမ်းနိုင်ပါလို၏ဆိုတော့ ကြုံပြီးသား ခင်ဗျားတို့. . . (မှန်ပါ)။

## ဝိပဿနာဆိုတာ မနောကံနဲ့ရှု

ကိုယ်က ဝစီကံ၊ ကာယကံလေး၊ မနောကံ ကလေးနဲ့ ဒီကံလေးတစ်ခုတိုးလိုက်ရင်ပြီးတာပဲ. . . (မှန်ပါ)၊ မနောကံ ကလေးတစ်ခုတိုးလိုက်၊ ဝိပဿနာဆိုတာ မနောကံနဲ့ရှုရတာ . . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဝိပဿနာ ဆိုတာ. . . (မနောကံ နဲ့ ရှုရမှာပါဘုရား)၊ မနောကံနဲ့ရှုရတာ။

ကာယကံနဲ့တော့မရဘူး၊ ဝစီကံနဲ့ ရွတ်လို့လည်း ဖြစ်ပျက်ကို မမြင်ဘူး၊ ဝစီကံနဲ့ဖြစ်ပျက်မြင်ပါ့မလား. . . (မမြင်ပါဘုရား)၊ အင်း. . . ကာယကံနဲ့ ရှုလို့ကော. . . (မရပါ ဘူးဘုရား)၊ ကာယကံနဲ့ရှုတော့ ပထဝီသာတွေ့တယ်၊ ပျက်တာ ဘယ်တော့မှ မတွေ့ဘူး. . . (မှန်ပါ)၊ တေဇောတော့တွေ့တယ် ကိုယ်ထဲစမ်းကြည့်လိုက်ရင် ပျက်တာကျတော့ (မတွေ့ပါဘူး ဘုရား)၊ မတွေ့ပါဘူးဆိုတော့ မနောကံနဲ့မှရတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါကြောင့် ကျန်တဲ့ငါးပေါက်ပိတ်ပြီး တစ်ပေါက်တည်း ကနေရှုပါ. . . (မှန်ပါ)၊ စက္ခုသောတ၊ ဃာန၊ ဇိဝှါ၊ ကာယဆို တဲ့ ငါးပေါက်ပိတ်ထား မနောပေါက် တစ်ပေါက်တည်းကနေ ပြီး ခန္ဓာကိုလှည့်ကြည့်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပါရမီပြည့်ပြီးသားပုဂ္ဂိုလ်

ဤကဲ့သို့ ခင်ဗျားတို့လုပ်မယ်ဆိုလို့ရှိရင် ပါရမီပြည့်ပြီးသားပုဂ္ဂိုလ်မှာဖြင့်ရောက်ရုံနဲ့ရရုံမှတစ်ပါးဘာမှမရှိတော့ဘူး သဘောပါပလား. . . (ပါပါပြီဘုရား)၊ သေချာပြီနော်. . . (သေချာပါပြီဘုရား)။

ကဲ ယနေ့ ဒီတွင်တော်ကြစို့။

သာဓု. . . သာဓု. . . သာဓုပါဘုရား။